ထိုသူငယ်မသည် ထိုရွှဲကုန်သည်ကိုမြင်၍ အဘွားကိုဆို၏၊ အဘွား-ငါ့အဘို့ တခုသော တန်ဆာကို ဝယ်ပါလောဟု ဆို၏၊ မြေးငယ် ငါတို့သည် ဆင်းရဲကုန်၏၊ အဘယ်ကိုပေး၍ ဝယ်ကုန်အံ့နည်းဟု ဆို၏၊ ငါတို့အား ဤခွက်သည် ရှိ၏၊ ငါတို့အား ကျေးဇူးမရှိ၊ ဤခွက်ကိုပေး၍ ဝယ်လောဟုဆို၏၊ ထိုအဘွားသည် ရွှဲကုန်သည်ကို ခေါ်စေ၍ နေရာ၌နေစေ၍ ထိုခွက်ကိုပေး၍ အရှင် ဤခွက်ကို ယူ၍ သင့်နှမအား တစုံတခုကို ပေးလောဟု ဆို၏၊ ရွှဲကုန်သည်သည် ခွက်ကို ကိုင်၍ကြည့်လျှင် ရွှေခွက်ဖြစ်လတ္တံ့ဟု ကြံ၍အောက်မေ့၍ ခွက်၏ကျောဘ၌လျှင် လှည့်လည်၍ အပ်ဖြင့် အရေးကိုင်၍ ရွှေခွက်အဖြစ်ကိုသိ၍ ဤသူတို့အား တစုံတခုကို မပေးမူ၍ ဤရွှေခွက်ကို ယူအံ့ဟု ကြံ၍ ဤခွက်သည် အဘယ် အဘိုး ထိုက်အံ့နည်း၊ ထိုခွက်သည် ပဲဝက်မျှသော အဘိုးကိုလည်း မထိုက်ဟူ၍ မြေ၌ ပစ်၍လျှင် နေရာမှထ၍ သွားလေ၏၊ တယောက်သောသူသည် ဝင်၍ထွက်သော ခရီးကို တယောက်သောသူသည် ဝင်ခြင်းငှါ ရ၏၊ ထို့ကြောင့် ဘုရားလောင်း ရွှဲကုန်သည်သည် ထိုခရီးသို့ဝင်၍ ရွှဲတို့ကို ဝယ်ကြကုန်လော, ရွှဲတို့ကို ဝယ်ကြကုန်လောဟု ဆို၍ ထိုအိမ်တံခါးသို့လျှင် ရောက်လေ၏၊ တဖန် ထိုသူငယ်မသည် ထိုရွှေးအတူလျှင် အဘွားကို ဆို၏။

ထိုအခါ ထိုမြေးငယ်မကို အဘွားသည် ရှေးဦးစွာလာသော ကုန်သည်သည် ခွက်ကို မြေ၌ပစ်၍ သွားလေပြီ၊ ယခုအခါ အဘယ်ကိုပေး၍ ဝယ်ကုန်အံ့နည်းဟု ဆို၏၊ ထိုရှေ့ကုန်သည်သည် ကြမ်းကြုတ်သောစကား ရှိ၏၊ ဤကုန်သည်သည် ကား ရှုချင်ဘွယ်ရှိ၏၊ နူးညံ့ပြေပြစ်သော စကားရှိ၏၊ ထိုခွက်ကိုယူငြားအံ့လည်း မသိဟုဆို၏၊ မြေးငယ် ထိုသို့တပြီးကား ခေါ်လောဟု ဆို၏၊ ထိုသူငယ်မသည်ထိုရွှဲကုန်သည်ကိုခေါ်၏၊ ထိုအခါ အိမ်သို့ဝင်၍နေသော ထိုရွှဲကုန်သည်အား ထိုခွက်ကို ပေးကုန်၏၊ ထိုဘုရားလောင်းကုန်သည်သည် ထိုခွက်၏ ရွှေခွက်၏အဖြစ်ကိုသိ၍ အမိ ဤခွက်သည် အဘိုးတသိန်းထိုက်၏၊ အဘိုးတသိန်းထိုက်သော ဥစ္စာသည် ငါ၏လက်၌မရှိဟု ဆို၏၊ အရှင် ရှေးဦးစွာ လာသော ကုန်သည်သည် ဤခွက် သည် ပဲဝက်မျှကိုလည်း မထိုက်ဟူ၍ မြေ၌ပစ်၍ သွား၏၊ ဤခွက်သည်ကား သင်၏ ကောင်းမှုကြောင့် ရွှေခွက်ဖြစ်သည်ဖြစ်လတ္တံ့၊ ငါတို့သည် ဤရွှေခွက်ကို သင့်အား ပေးအံ့၊ တစုံတခုမျှကိုလျှင် ငါတို့အား ပေး၍ ဤရွှေခွက်ကို ယူ၍ သွားလေလောဟုဆို၏၊ ဘုရားလောင်းသည် ထိုခဏ၌ လက်သို့ရောက်ကုန်သော

ဖြစ်၏ဟု ကြံ၍ သင်္ခါရ တရားတို့သည် အမြဲမရှိတကားဟု ကုန်ခြင်း ပျက်ခြင်းကို သိလျက် ဝိပဿနာကို ပွားစေ၏၊ မြတ်စွာဘုရားသည် စူဠပန်၏ စိတ်သည် ဝိပဿနာသို့ တက်၏ဟု သိတော်မူ၍ စူဠပန် သင်သည် ဤပုဆိုးပိုင်းသည် သာလျှင် ညစ်နွမ်း၏၊ မြေမှုန့်မြူသည်သာလျှင် မြူဖြစ်၏ဟုမထင်မှတ်လင့်၊ သင်၏ ကိုယ်တွင်း၌လည်း ရာဂမြူ အစရှိသည်တို့သည် ရှိကုန်၏၊ ထိုရာဂမြူ အစရှိသည် တို့ကို ပယ်လောဟု မိန့်တော်မူ၍ ရောင်ခြည်တော်ကို လွှတ်လျက် ရှေ့က နေသကဲ့သို့ သိထင်စေသော အဆင်းတော်ရှိသည်ဖြစ်၍—

ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။
ဒေါသော ။လ။ မောဟော ။လ။ သာသနေ။

ဟူသော ဤဂါထာတို့ကို ရွတ်တော်မူ၏။

ရာဂေါ၊ရာဂကို။ ရဇောတိ၊ မြူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရေဏုပန၊ မြေမှုန့် ကိုကား။ ရဇောတိ၊ မြူဟူ၍။ န ဝုစ္စတိ၊ မဆိုအပ်။ ရဇောတိ ဧတံ နာမံ၊ရဇော ဟူသော ဤအမည်သည်။ ရာဂဿ၊ ရာဂ၏။ အဓိဝစနံ၊ အမည်တည်း။ ဝိဂတ ရဇဿ၊ ကင်းသော ရာဂမြူရှိသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာ တော်၌။ တေ ဘိက္ခဝေါ၊ ထို ရဟန်းတို့သည်။ ဧတံ ရဇံ၊ ထိုရာဂမြူကို။ ဝိပ္ပဇဟိတွာ၊ ပယ်ကုန်၍။ ဝိဟရန္တိ၊ နေကုန်၏။

ဒေါသော၊ ဒေါသကို။ ရဇောတိ၊ မြူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရေဏု ပန၊ မြေမှုန့်ကိုကား။ ရဇောတိ၊ မြူဟူ၍။ န ဝုစ္စတိ၊ မဆိုအပ်။ ရဇောတိ ဧတံ နာမံ၊ ရဇော ဟူသော ဤအမည်သည်။ ဒေါသဿ၊ ဒေါသ၏။ အဓိဝစနံ၊ အမည် တည်း။ ဝိဂတရဇဿ၊ကင်းသော ဒေါသမြူရှိသော မြတ်စွာဘုရား၏။သာသနေ၊ သာသနာတော်၌။ တေ ဘိက္ခဝေါ၊ထိုရဟန်းတို့သည်။ ဧတံရဇံ၊ထိုဒေါသမြူကို။ ဝိပ္ပဇဟိတွာ၊ ပယ်ကုန်၍။ ဝိဟရန္တိ၊ နေကုန်၏။

မောဟော၊ မောဟကို။ ရဇောတိ၊ မြူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရေဏု ပန၊ မြေမှုန့်ကိုကား။ ရဇောတိ၊ မြူဟူ၍။ န ဝုစ္စတိ၊ မဆိုအပ်။ ရဇောတိ ဧတံ နာမံ၊

ရဇောဟူသော ဤအမည်သည်။ မောဟသာ၊ မောဟ၏။ အဓိဝစနံ၊ အမည်တည်း။ ဝိဂတရဇဿ၊ကင်းသော မောဟမှုရှိသောမြတ်စွာဘုရား၏။သာသနေ၊ သာသနာတော်၌။ တေ ဘိက္ခဝေါ၊ထိုရဟန်းတို့သည်။ တံရဇံ၊ထိုမောဟမှုကို။ ဝိပ္ပဇဟိတွာ၊ ပယ်ကုန်၍။ ဝိဟရန္တိ၊ နေကုန်၏။

ဤဂါထာ၏အဆုံး၌ စူဠပန်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုစူဠပန်အား ပဋိသမ္ဘိဒါတို့နှင့်တကွသာလျှင် ပိဋကတ်သုံးပုံတို့သည် ထင်ကုန်၏၊ ထိုစူဠပန်သည် ရှေး၌ မင်းဖြစ်၍ မြို့ကို လက်ျာရစ်လှည့်စဉ် နဖူးမှ ချွေးထွက်သည်ရှိသော် ပုဆိုးဖြူဖြင့် နဖူးစွန်းကို သုတ်၏၊ ပုဆိုးသည် ညစ်နွမ်းသည် ဖြစ်သတတ်၊ ထိုမင်းသည် ဤကိုယ်ကိုမှီ၍ ဤသို့စဉ်သဘောရှိသော ပုဆိုးဖြူသည် သဘောကိုစွန့်၍ ညစ်နွမ်းသည်ဖြစ်၏၊ သင်္ခါရတရားတို့သည် အမြဲမရှိကုန် တကားဟု အနိစ္စ သညာကို ရဘူး၏၊ ထို့ကြောင့် ထိုစူဠပန်အား "ရဇောဟရဏံ" ဟူသော ကမ္မဋ္ဌာန်းသည်သာလျှင် မဂ်ဖိုလ်ကို ရခြင်း၏ အကြောင်း ဖြစ်၏။

အဘယမင်းသည် မွေးမြူအပ်သော ဇီဝကသည်လည်း မြတ်စွာဘုရားအား အလှူရေစက်ကို ကပ်၏၊ မြတ်စွာဘုရားလည်း ဇီဝက-ကျောင်း၌ ရဟန်းရှိသည် မဟုတ်လောဟုဆို၍ လက်ဖြင့် သပိတ်ကို ပိတ်၏၊ မဟာပန်သည် ဘုန်းတော်ကြီးသော အရှင်ဘုရား ကျောင်း၌ ရဟန်းမရှိဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဇီဝက ရဟန်းရှိသေးသည်ဟု မိန့်တော်မူ၏၊ ဇီဝကသည် ထိုသို့တပြီးကား အချင်း ယောကျ်ား သွားတည့်ချေ၊ ကျောင်း၌ ရဟန်း ရှိ-မရှိကို စုံစမ်းလေလောဟု ယောကျ်ားတယောက်ကို စေ၏၊ ထိုခဏ၌ စူဠပန်သည် ငါ့အစ်ကိုသည် ကျောင်း၌ ရဟန်းမရှိဟု ဆို၏၊ ကျောင်း၌ ရဟန်းရှိသည်၏အဖြစ်ကို အစ်ကို မဟာပန်အား ထင်ရှားပြအံ့ဟု အလုံးစုံသော အမ္ဗဝန်ကျောင်းကို ရဟန်းဖြင့်သာလျှင် ပြည့်စေ၏၊ အချို့ကုန်သောရဟန်းတို့သည် သင်္ကန်းချုပ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သင်္ကန်းဆိုးကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သရဇ္ဈာယ် ကုန်၏၊ ဤသို့ တပါးသည်တပါးနှင့်မတူသော ရဟန်းတထောင်ကို ဖန်ဆင်း၏၊ မင်းချင်းယောကျ်ားသည် များစွာကုန်သော ရဟန်းတို့ကိုမြင်၍ ပြန်ခဲ့၍ အရှင် အလုံးစုံသော အမ္ဗဝန်ကျောင်းသည် ရဟန်းတို့ဖြင့် ပြည့်၏ဟု ဇီဝကအားကြား

မတတ်နိုင်၊ ဤစူဠပန်သည် နန့်နွေး၏ဟု ကျောင်းမှ နှင်ထုတ်၏၊ မြတ်စွာ ဘုရားသည် တမူကား ကိုယ်တော်၏ အတုမရှိသော တရားမင်း ဖြစ်တော် မူသောကြောင့် စူဠပန်အား တကြိမ်သာလျှင် ဖြစ်သော ဆွမ်းပြင်သည်၏ အကြား၌ ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်ကို ပေး၏၊ ပိဋကတ်သုံးပုံတို့သည် ပဋိသမ္ဘိဒါတို့နှင့် တကွသာ လာကုန်၏၊ ဘုရားကိုယ်တော်တို့၏ အားတော် မည်သည် ဩော်....ကြီးမြတ်စွ တကားဟု မြတ်စွာဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းကုန်၏။

ထိုအခါ ဘုန်းတော် ကြီးလှသော မြတ်စွာဘုရားသည် တရားသဘင်၌ ဤစကား ဖြစ်ကြောင်းကို သိတော်မူ၍ ယခု ငါသွားခြင်းငှါ သင့်၏ဟု ဘုရား နေရာမှ ထတော်မူ၍ အလွန်နီသော နှစ်ထပ်သော သင်းပိုင်ကို ဝတ်တော်မူ၍ လျှပ်စစ် နွယ်ကဲ့သို့ ခါးပန်းကိုပမ်းတော်မူ၍ နီသောကမ္ဗလာနှင့်တူသော ဘုရား သင်္ကန်းတော်ကြီးကိုရုံတော်မူ၍ မွှေးကြိုင်စွာသော ဂန္ဓကုဋိမှထွက်၍ အမုန်ယစ် သော ဆင်မြတ်ကဲ့သို့၎င်း ခြင်္သေ့မင်း၏ တင့်တယ်စွာသော ထွက်သွားခြင်းဖြင့် ထွက်သွားသော ခြင်္သေ့မင်းကဲ့သို့၎င်း အတုမရှိသောဘုရား၏ တင့်တယ်ခြင်းဖြင့် တရားသဘင်သို့ ကြွတော်မူ၍ တန်ဆာဆင်အပ်သော မဏ္ဍပ်အလယ်၌ ကောင်း စွာခင်းအပ်သော မြတ်သော ဘုရားနေရာတော်သို့ တက်၍ ခြောက်သွယ်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်လျက် သမုဒြာ တဝှမ်းလုံးကို ချောက်ချား စေဘိသကဲ့သို့၎င်း ယုဂန္ဓိုရ်တောင်ထိပ်၌ တက်သစ်သော နေလုလင်ကဲ့သို့၎င်း နေရာအလယ်၌ နေတော်မူ၏။

မြတ်စွာဘုရားသည် ကြွတော်မူသည် ရှိသော်ကား ရဟန်းသံဃာသည် စကားကို ဖြတ်၍ ဆိတ်ဆိတ်နေ၏၊ မြတ်စွာဘုရားသည် နူးညံ့သည်သာလျှင် ဖြစ်သော မေတ္တာစိတ်ဖြင့် ပရိသတ်ကို ကြည့်တော်မူ၍ ဤပရိသတ်သည် အလွန်လျှင် တင့်တယ်၏၊ တယောက်သော ရဟန်း၏လည်း လက်လှုပ်ခြင်း သည်၎င်း ခြေလှုပ်ခြင်းသည်၎င်း ချောင်းညံ့သံသည်၎င်း ချေဆတ်သော အသံ သည်၎င်း မရှိ၊ အလုံးစုံသော ရဟန်းတို့သည်လည်း ဘုရားအား ရိုသေခြင်းဖြင့် ရိုသေကုန်သည်ဖြစ်၍ ဘုရားတန်ခိုးတော်မှ ကြောက်ကုန်ရကား ငါသည် အာယုကပ်ပတ်လုံးလည်း စကားမဆိုမူ၍ နေကုန်သည်ရှိသော် ရှေးဦးစွာစကား

ရဟန်း ပုဏ္ဏား နိဂုံး ဇနပုဒ်နေဖြစ်ကုန်သော အိမ်ရှင်တို့၌ တရားကို ကျင့်သည် ရှိသော် ခန္ဓာပျက်ခြင်း တည်းဟူသော စုတိ၏ နောက်၌ ကောင်းမှုကိုပြုသော သူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ လားရကုန်လတ္တံ့ဟု မင်းအား ဘုရားကဲ့ သို့သော တင့်တယ်ခြင်းဖြင့် တရားဟော၍ နှစ်ရက်သုံးရက်တို့ပတ်လုံး ဥယျာဉ်၌ နေ၍ မင်းကြီးအား ဩဝါဒကိုပေးပြီးလျှင် သမင်အပေါင်း ခြံရံလျက်တောသို့ ဝင်၍ ထိုကိုယ်ဝန်ရှိသော သမင်မသည်လည်း ပန်းအချက်နှင့်တူသော သားကို ဖွား၏၊ ထိုသမင်ငယ်သည်ကား မြူးရွှင်လျက် သာခသမင်အထံသို့ သွား၏၊ ထိုအခါ သားသမင်ငယ်ကို အမိသည် သာခသမင် အထံသို့ သွားလတ်သည်ကို မြင်၍ ချစ်သား ယနေ့မှစ၍ သင်သည် သာခသမင် အထံသို့ မသွားနှင့်၊ နိဂြောဓသမင်၏ အထံသို့ သွားလေလောဟု ဆုံးမလို၍—

၁၂၊ နိဂြောဓမေဝ သေဝေယျ၊ န သာခမုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေယျော၊ ယဉ္စေ သာခသ္မိ ဇီဝိတံ။

ဟူသော ဤဂါထာကို ဆို၏။

ပုတ္တ၊ ချစ်သား။ နိဂြောဓမေဝ၊ နိဂြောဓ သမင်မင်းကိုသာလျှင်။ ဟိတကာမော၊အစီးအပွားကို လိုသောသူသည်။ သေဝေယျ၊ မှီဝဲရာ၏။ သာခံ၊သာခ သမင်ကို။ နဉပသံဝသေ၊မမှီဝဲရာ။နိဂြောဓသ္မိံ၊နိဂြောဓသမင်၏ခြေရင်း၌။မတံ၊ သေရခြင်းသည်လည်း။ သေယျော၊ ကောင်းမြတ်၏။ သာခသ္မိံ၊ သာခသမင်၏ အထံ၌။ ယံဇီဝိတံ၊ အကြင်အသက်ရှင်ရခြင်းသည်။ အတ္ထိ၊ရှိ၏။ တံ၊ ထိုအသက် ရှင်ရခြင်းသည်။ နေဝ သေယျော၊ မကောင်းမြတ်သာလျှင်ကတည်း။

ထိုအခါမှစ၍ကား ဘေးမဲ့ကိုရကုန်သော သမင်တို့သည် လူတို့၏ ကောက် တို့ကိုစားကုန်၏၊လူတို့သည် ဤသမင်တို့ကား ဘေးမဲ့ကိုရကုန်၏ဟူ၍ သမင်တို့ကို ပစ်ခြင်းငှါလည်း ချောက်လှန့်ခြင်းငှါလည်း မဝံ့ကုန်၊ ထိုလူတို့သည် မင်းယင်ပြင်၌ စည်းဝေးကုန်လျက် မင်းအား ထိုအကြောင်းကို ကြားကုန်၏၊ မင်းသည်ကား ကြည်ညိုသဖြင့် နိဂြောဓသမင်မင်းအား ဘေးမဲ့အဖြစ်ကို ပေးအပ်၏၊ ငါသည် မင်းအဖြစ်ကိုသော်စွန့်အံ့၊ ထိုပဋိညာဉ်ကိုမဖျက်၊ ငါ့နိုင်ငံ၌ တစုံတယောက်သော သူသည် သမင်တို့ကို မပစ်မခတ်ရဟူ၍ ဆို၏၊ နိဂြောဓသမင်မင်းသည် ထိုသတင်း စကားကို ကြားလတ်သော် သမင်အပေါင်းတို့ကို စည်းဝေးစေ၍ သင်တို့သည်

ခြင်းစိတ်ရှိသည်၏အဖြစ်ကြောင့် တောတောင်သို့ မပြန်မူ၍ ထိုရွာနီးနေ သမင်တို့နှင့်အတူတကွသာလျှင် ရွာ၏အနီးသို့လိုက်၏၊ ထိုအခါ သမင်မငယ်သည် အရှင်သင်ကား တောတောင်နေ သမင်ဖြစ်၏၊ ရွာအနီးအရပ်မည်သည်လည်း ရှိရှာဘွယ်ရှိ၏၊ ဘေးဘျမ်းရှိ၏၊ ငါတို့နှင့်အတူ ရွာနီးအရပ်သို့ မလိုက်လင့်ဟု ဆို၏၊ ထိုသမင်သည် အဆွေခင်ပွန်း သမင်မ၌ ကြိုက်နှစ်သက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် မပြန်မူ၍ အတူတကွသာလျှင် လိုက်၏၊ မုဆိုးတို့သည် ယခုအခါ သမင်တို့၏ တောင်မှဆင်းလာသော အခါတည်းဟု သိကုန်၍ ခရီးအနီးအပါး ဖုံးလွှမ်းအပ်သော အုံတို့၌နေကုန်၍ ထိုသမင်နှစ်ခုတို့၏ လာသော လမ်း၌ တယောက်သော မုဆိုးသည် ဖုံးလွှမ်းအပ်သောအုံ၌ နေ၏၊ သမင်မငယ်သည် လူနံ့နံ၍ တယောက်သောမုဆိုး စောင့်သည်ဖြစ်လတ္တံ့ဟု ထိုသမင်မိုက်ကို ရှေ့က သွားစေ၍ မိမိကား နောက်ကလိုက်၏၊ မုဆိုးသည် မြှားတချက်ပစ်သဖြင့်လျှင် သမင်ကို ထိုအရပ်၌ လည်းစေ၏၊ သမင်မငယ်သည် သမင်မိုက်အား မြှားမှန်သည်၏အဖြစ်ကိုသိ၍ ခုန်လွှားလျက် လေကဲ့သို့မြန်သော အဟုန်ဖြင့် ပြေးလေ၏၊ မုဆိုးသည် အုံမှထွက်၍ သမင်ကို ဖျက်ယူပြီးလျှင် မီးထည့်၍ မီးကျီးတို့၌ ကောင်းသောအသားကို ကင်လျက် စားပြီးသော် ရေသောက်၍ ကြွင်းသော အသားတို့ကို ယိုစီးကုန်သော သွေးပေါက်တို့ဖြင့် ထမ်းယူ၍ သားမယားတို့ကို ကျွေးမွေးလိုရကား အိမ်သို့ သွား၏။

ထိုအခါ ဘုရားလောင်းသည် ထိုတောအုပ်၌ ရုက္ခဇိုဝ်းနတ်ဖြစ်၍ ရုက္ခဇိုဝ်းနတ်သည် ထိုအကြောင်းကို မြင်၍ ဤသမင်မိုက်၏ သေခြင်းသည် အမိကို အမှီပြု၍ မဖြစ်၊ အဘကို အမှီပြု၍လည်း မဖြစ်၊ စင်စစ်အမှန်ကား ကာမကို အမှီပြု၍ သေခြင်းသည်ဖြစ်၏၊ ထိုစကားသည်မှန်၏၊ သတ္တဝါတို့သည် ကာမဂုဏ်ကြောင့် သုဂတိ၌ လက်ဖြတ်ခြင်း အစရှိသော ဆင်းရဲသို့ရင်း ဒုဂ္ဂတိ၌ ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း အစရှိသည်ဖြင့် အထူးထူး အပြားပြား များစွာသော ဆင်းရဲခြင်းသို့ရင်း ရောက်ကုန်၏၊ သူတပါးတို့အား သေခြင်း ဆင်းရဲကို ဖြစ်စေခြင်းမည်သည်ကိုလည်း ဤလောက၌ ကဲ့ရဲ့အပ်သလျှင်ကတည်း၊ အကြင်ဇနပုဒ်ကို မိန်းမသည် စီရင်ဆုံးမ၏၊ မိန်းမအကြီးမူသော ထိုဇနပုဒ်ကိုလည်း ကဲ့ရဲ့အပ်သလျှင်ကတည်း၊ အကြင် သတ္တဝါတို့သည် မိန်းမ၏အလိုသို့လိုက်ကုန်၏၊

အဆအရာ အဆအထောင် အဆအသိန်းဖြင့် လွန်၍ ယုတ်မာသတတ်။ ဘော၊ အချင်းတို့။ တုမှေ၊ သင်တို့သည်။ ရသာနံ၊ အချိုအချဉ် အစရှိကုန်သော ရသတို့၌ တပ်စွန်းတတ်ကုန်သော လောဘတို့၏။ ပါပိယဘာဝံ၊ အလွန်တရာ ယုတ်မာသည်၏ အဖြစ်ကို။ ပဿထ၊ ရှုကြကုန်လော။ ဂဟာနနိဿိတံ၊ တောချုံကို မှီတတ်သော။ ဝါတမိဂံ၊ ဝါထမိဂသမင်ကို။ သဉ္ဇယော၊ သဉ္ဇယအမည်ရှိသော ဥယျာဉ်စောင့်သည်။ ရသေဟိ၊ ရသတို့ဖြင့်။ ဝသံ၊ မိမိအလိုသို့။ အာနေသိ၊ ဆောင်ပြီ။

ဤသို့ မင်းသည် ရသတဏှာ၏အပြစ်ကို ဟော၏၊ ဟောပြီး၍ကား ထိုသမင်ကို တောသို့လျှင် ပို့စေ၏။

**ဇာတ်ပေါင်း**....သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ ထိုပြည့်တန်ဆာမကား ယခုဘဝ၌သာလျှင် တိဿကို ရသတဏှာဖြင့် နှောင်ဖွဲ့၍ မိမိအလိုသို့ လိုက်စေသည် မဟုတ်သေး၊ ရှေးဘဝ၌လည်း လိုက်စေဘူးသည် သာလျှင်တည်းဟု ဤဓမ္မဒေသနာကိုဆောင်၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ပြည့်တန်ဆာမသည် ထိုအခါ သဉ္ဇယမည်သော ဥယျာဉ်စောင့် ဖြစ်ဘူးပြီ၊ ယခုအခါ စူဠပိဏ္ဍပါတိကမထေရ်သည် ထိုအခါ ဝါတမိဂသမင် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

[ရသာအကြိုက်၊ အလိုလိုက်၊ အမိုက်တွေ့မည်သာ]

ထေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝါထမိဂဇာတ်သည် ပြီး၏။

---

## ၁၅—ခရာဒိယဇာတ်

### ပညာရှိတို့၏ အဆုံးအမကိုမခံ ငြင်းဆန်သောကြောင့် အသက်ဆုံးခြင်းသို့ ရောက်ဘူးကြောင်း

**ပ ဋိ ပ္ပ န် ဝ တ္ထု**....နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် “အဋ္ဌက္ခုရံ ခရာဒိယေ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခရာဒိယ

လာကုန်၏၊ နေ့အခါ တရားနာခြင်းသည် ဖြစ်၏၊ ညကာလ ရောက်လတ်သည် ရှိသော်ကား သီတင်းသည်မိန်းမ ရဟန်းမိန်းမတို့သည် ပြန်သွားကုန်၏၊ထိုအခါမှ စ၍ ညဥ့်၌ တရားနာခြင်းသည် ဖြစ်၏၊တရားနာသည်၏အဆုံး၌ မထေရ်ဖြစ်ကုန်သော ရဟန်းတို့သည် မိမိတို့၏နေရာသို့ သွားကုန်၏၊ ပဥ္စင်းငယ် သာမဏေတို့သည်ကား သီတင်းသည်တို့နှင့် တကွ အထူးဆည်းကပ်ရာ စရပ်၌ အိပ်ကုန်၏၊ ထိုပဥ္စင်းငယ် သာမဏေတို့သည် အိပ်ပျော်လတ်သော် အချို့သော သူတို့သည် ဃရုတ် ဃရက်မြည်သော ထွက်သက် ဝင်သက် ရှိကုန်သည်ဖြစ်၍ ကြိုးသံကဲ့သို့ မြည်ကုန်သည်ဖြစ်၍ သွားတို့ကို ကြိတ်ကုန်လျက် အိပ်ကုန်၏၊ အချို့သောသူတို့သည် အတန်ငယ်အိပ်၍ ထကုန်၏၊ ထိုရဟန်းတို့၏ ဖောက်ပြန်သော အခြင်းအရာကို မြင်ကုန်၍ မြတ်စွာဘုရားအား လျှောက်ကုန်၏။

ဘုန်းတော်ကြီးသော သဗ္ဗညုမြတ်စွာဘုရားသည် အကြင် ရဟန်းသည်ကား လူသာမဏေနှင့် တမိုး တရံတည်းသော ကျောင်း အိပ်ရာ နေရာ၌ အတူတကွ အိပ်ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏ဟု သိက္ခာပုဒ်ကိုပညတ်တော်မူပြီး၍ ကောသမ္ဗီပြည်သို့ ကြွတော်မူ၏၊ ထိုကောသမ္ဗီပြည်၌ ရဟန်းတို့သည် အရှင်ရာဟုလာကို ငါ့သျှင် ရာဟုလာ မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပြီ၊ယခု ငါ့သျှင်အိပ်ရာနေရာကို ငါ့သျှင်သိလေဟု ဆိုကုန်၏၊ ရှေး၌ တမူကား ထိုရဟန်းတို့သည် မြတ်စွာဘုရား၌ရှိသေသဖြင့်၎င်း ထိုရှင်ရာဟုလာ၏ သိက္ခာပုဒ်ကို အလိုရှိသည်၏အဖြစ်ကို စွဲ၍၎င်း မိမိနေရာအရပ်သို့ လာသော အရှင် ရာဟုလာကို အလွန် ချီးမြှောက်ကုန်၏၊ ညောင်စောင်းငယ်ကို ခင်း၍ ခေါင်းအုံးစိမ့်သောငှါ သင်္ကန်းကို ပေးကြကုန်၏၊ ထိုနေ့၌တမူကား သိက္ခာပုဒ်မှ ကြောက်ခြင်းကြောင့် နေရာအရပ်ကိုလည်း မပေးကုန်၊ ရာဟုလာ အရှင်မြတ်သည်လည်း ငါ၏ အဘဟူ၍ မြတ်စွာဘုရားအထံတော်သို့၎င်း ငါ၏ဥပဇ္ဈာယ်ဟု အရှင်သာရိပုတ္တရာ အထံသို့၎င်း ငါ၏သရဏဂုံ ဆရာဟု အရှင်မောဂ္ဂလာန် အထံသို့၎င်း ငါ၏ဘထွေးဟု အရှင်အာနန္ဒာ မထေရ်၏အထံသို့၎င်း မသွားမူ၍ ဗြဟ္မာ့ဗိမာန်သို့ ဝင်သော ဗြဟ္မာကဲ့သို့ ဘုရားသုံးဆောင်တော်မူသော ဝစ္စကုဋိတော်သို့ ဝင်၍ အိပ်နေခြင်းကိုပြု၏၊ ထိုစကားသည် သင့်၏၊ မြတ်စွာဘုရားတို့၏ အသုံးအဆောင်ကုဋိသည် ကောင်းစွာ ပိတ်အပ်သော တံခါးရှိ၏၊ နံ့သာ အမွှေး

**သန်းခေါင်ယံမှ တောကလာ၍ ရေကို သောက်လေ့ရှိထသော။ "တနည်းကား သန်းခေါင်ယံ၌သာလျှင် ရေကို သောက်လေ့ရှိထသော။ မိဂံ၊ ငါ့တူ သမင်ကို။** မိဂမာယံ၊ မိဂမာယာကို။ ဥဂ္ဂဏှာပေယိ၊ သင်စေပြီ။ ကထံ၊ **အသို့သင်သနည်း** ဟူမူကား။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဘာဂိနေယျော၊ တူသမင်သည်။ ဧကေန သောတေန၊ မြေ၌ ကပ်သော တဘက်သော နား နှာခေါင်းဖြင့်သာ။ဆမာယံ၊မြေ၌။ အဿသန္တော၊ထွက်သက်ကို ဖြစ်စေလျက်။ ဆဟိ၊ အခြေလေးဘက်တို့ကိုဆန့်၍ နံပါးတဘက်ဖြင့်အိပ်ခြင်း ခွါတို့ဖြင့် မြေကို ယက်ခြင်း လျှာကို တွဲလျားကျစေခြင်း ဝမ်းကို ဖူးဖူးရောင်စေခြင်း ကျင်ကြီး ကျင်ငယ်ကိုလွှတ်ခြင်း ထွက်သက် ဝင်သက်လေကိုချုပ်ခြင်းဟု ဆိုအပ်ကုန်သော ခြောက်ပါးကုန်သော။ ကလာဟိ၊ အဘို့တို့ဖြင့်။ တနည်းကား—ဆဟိ၊ ခြေဖြင့် မြေကိုယူ၍ရွေ့ရှင်ငြင်းခြင်း တွန်းခြင်း နံပါးနှစ်ဘက်တို့၌လွှန့်ယက်ရာကိုဖြစ်စေခြင်း ဝမ်းကိုအထက်သို့ တက်စေခြင်း အောက်သို့ ရှုံ့ကျစေခြင်းဟူသော ခြောက်ပါး ကုန်သော။ ကလာဟိ၊ အဘို့တို့ဖြင့်။ လုဒ္ဒကံ၊ မုဆိုးကို။ အတိဘောတိ၊လွှမ်းမိုး နိုင်၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ မိဂမာယံ၊ မိဂမာယာကို။ ဥဂ္ဂဏှာပေယိ၊ သင်စေပြီ။

ထိုသမင် ငယ်သည်လည်း ကျော့ကွင်းမိလတ်သော် မတုန်မလှုပ်မူ၍လျှင် လကျ်ာနံပါးဖြင့် လက်ခြေတို့ကို ဆန့်လျက် အိပ်၏၊ ခြေတို့၏အနီး အရပ်၌ ခွါတို့ဖြင့် ကန်၍ မြေက်တို့ကို ကွာကျွတ်စေ၍ ကျင်ကြီး ကျင်ငယ်ကို စွန့်၍ ဦးခေါင်းကိုကျစေ၍ လျှာကို ထွက်စေ၍ ကိုယ်ကို တံတွေး လိမ်းကျံသည်ကိုပြု၍ လေကိုယူသဖြင့် ဝမ်းကို ဖူးဖူးရောင်အောင်ပြု၍ မျက်စိတို့ကို လည်စေ၍ အောက် နား နှာခေါင်းဖြင့် ထွက်သက် ဝင်သက် လေကို သွားလာစေလျက် အထက် နား နှာခေါင်းက ထွက်သက် ဝင်သက် လေကို ချုပ်စေ၍ ကိုယ်အလုံးကို တောင့်မာစွာ ပြု၍ သေဟန်ကိုပြ၏၊ယင်ညိုတို့သည်လည်း ထိုသမင်ကို အုံကုန်၏၊ ထိုထိုအရပ်၌ ကျီးတို့သည် နားကုန်၏၊ မုဆိုးသည် လာလတ်၍ ဝမ်းကို လက်ဖြင့် ခတ်၍ စောစောကလျှင် မိသည် ဖြစ်လတ္တံ့၊ ထိုကြောင့် ယခု ပုပ်လေပြီဟု ထိုသမင်၌မိသော ကြိုးတို့ကိုဖြေ၍ ယခု ဤ၌ပင်လျှင် ဤသမင်ကိုဖျက်၍အသား ကို ယူ၍ သွားအံ့ဟု သက်ကင်း၍ သစ်ခက် သစ်ရွက်တို့ကို ယူအံ့သောငှါ

မထေရ်သည် အရှင်ကာဠ ချမ်းခြင်းမည်သည် လဆန်းအခါ၌ ဖြစ်၏ဟု ဆို၏၊ ထိုနှစ်ပါးကုန်သော ရဟန်းတို့သည်လည်း မိမိတို့၏ ယုံမှားခြင်းကို ဖြတ်အံ့သောငှါ မတတ်နိုင်ကုန်ရကား မြတ်စွာဘုရား အထံတော်သို့ သွားကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အဘယ်ကာလ၌ ချမ်းခြင်းမည်သည် ဖြစ်သနည်းဟု လျှောက်ကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ ရဟန်းတို့ ရှေး၌လည်း သင်တို့ပြဿနာကို ငါဖြေဘူးပြီ၊ ဘဝဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်ကား သင်တို့ မမှတ်မိနိုင်ကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု**....ရဟန်းတို့ လွန်လေပြီးသောအခါ တခုသော တောင်ခြေရင်း၌ အဆွေခင်ပွန်း ဖြစ်ကုန်သော ခြင်္သေ့နှင့်ကျား နှစ်ခုတို့သည် တခုသော လိုဏ်၌ နေကုန်၏၊ ထိုအခါ ဘုရားလောင်းသည်လည်း ရသေ့ရဟန်းပြု၍ ထိုတောင်ခြေရင်း၌လျှင် နေ၏၊ ထိုအခါ တနေ့သ၌ အဆွေခင်ပွန်း ဖြစ်ကုန်သော ခြင်္သေ့ ကျားတို့အား ချမ်းခြင်းကို အမှီပြု၍ ငြင်းခုံခြင်းသည်ဖြစ်၏၊ ကျားသည် လဆုတ်၌သာလျှင် ချမ်း၏ဟု ဆို၏၊ ခြင်္သေ့သည် လဆန်း၌သာလျှင် ချမ်း၏ဟု ဆို၏၊ ထိုကျား ခြင်္သေ့တို့သည်လည်း မိမိတို့၏ ယုံမှားခြင်းကို ဖြတ်အံ့သောငှါ မတတ်နိုင်ကုန်ရကား ဘုရားလောင်း အရှင်ရသေ့ကို မေးကုန်၏၊ ဘုရားလောင်း ရှင်ရသေ့သည်—

၁၇၊ ကာဠေ ဝါ ယဒိ ဝါ ဇုဏှေ၊ ယဒါ ဝါယတိ မာလုတော။
ဝါတဇာနိ ဟိ သီတာနိ၊ ဥဘောတ္ထ မပရာဇိတာ။

ဟူသော ဤဂါထာကို ဆို၏။

ဘောန္တော၊ အချင်းတို့။ သီတာနိ၊ အချမ်းတို့သည်။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဝါတဇာနိ၊ လေကြောင့်ဖြစ်ကုန်၏၊ တသ္မာ၊ ထိုကြောင့်။ ယဒါ၊ အကြင်အခါ၌။ မာလုတော၊ လေသည်။ ကာဠေ ဝါ၊ လဆုတ်၌မူလည်း။ ဝါယတိ၊ လာအံ့။ ယဒိ၊ ထိုမြို့။ ဇုဏှေ ဝါ၊ လဆန်း၌မူလည်း။ ဝါယတိ၊ လာအံ့။ တဒါ၊ ထိုအခါ၌။ သီတံ၊ အချမ်းသည်။ ဟောတိ၊ ဖြစ်၏။ ဥဘော၊ နှစ်ဦးသော သူတို့သည်။ ဧတ္ထ၊ ဤပြဿနာ၌။ အပရာဇိတာ၊ မရှုံးကြကုန်။

တည်သော လှည်း၏ နေရာ၌သာလျှင် တည်စေ၏၊ ဂေါဝိတ္တက သူဌေးသည် ရှုံးသည်ဖြစ်၍ ပုဏ္ဏားအား အသပြာ နှစ်ထောင်တို့ကိုပေး၍ တပါးကုန်သော သူတို့သည်လည်း ဘုရားလောင်းအား များစွာသောဥစ္စာကို ပေးကုန်၏၊အလုံး စုံသောဥစ္စာသည် ပုဏ္ဏားအားသာလျှင် ဖြစ်၏၊ ထိုသို့ ဘုရားလောင်းကို မှီ၍ များစွာသော ဥစ္စာကို ရ၏ဟု မိန့်တော်မူ၍ မြတ်စွာဘုရားသည် ရဟန်းတို့ ကြမ်းကြုတ်သော စကားမည်သည်ကို တစုံတယောက်သောသူသည် မနှစ်သက် ဟု ဟောတော်မူ၍ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ကဲ့ရဲ့တော်မူပြီးသော် သိက္ခာပုဒ်ကို ပညတ်တော်မူ၍ ဘုရားဖြစ်၍—

၂၈၊ မနုညမေဝ ဘာသေယျ၊ နာမနုညံ ကုဒါစနံ။
မနုညံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဒ္ဓရိ။
မနဥ္စ နံ အလာဘေသိ [၁]၊ တေန စတ္တမနော အဟု။

ဟူသော ဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပရေန၊ တပါးသောသူနှင့်။ သဒ္ဓိံ၊ တကွ။ ဘာသ မာနော၊ ဆိုသောသူသည်။ မနုညမေဝ၊ နှစ်သက်ဘွယ်သော စကားကိုသာ လျှင်။ ဘာသေယျ၊ ဆိုရာ၏။ အမနုညံ၊ မနှစ်သက်ဘွယ်သော စကားကို။ ကုဒါစနံ၊ တရံတဆစ်မျှ။ န ဘာသေယျ၊ မဆိုရာ။ မနုညံ၊ နှစ်သက်ဘွယ်သော စကားကို။ ဘာသမာနဿ၊ ဆိုသောပုဏ္ဏား၏။ ဂရုံ၊ လေးသော။ ဘာရံ၊ လှည်းတရာကို။ ဥဒဒ္ဓရိ၊ ငင်၍ တည်စေပြီ။ တံ၊ ထိုပုဏ္ဏားကို။ မနဥ္စ၊ ဥစ္စာကို လည်း။ အလာဘေသိ၊ ရစေပြီ။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ တေန၊ ထို့ ကြောင့်။ အတ္တမနော၊ နှစ်သက်သည်။ အဟု၊ ဖြစ်ပြီ။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် "မနုညမေဝ ဘာသေယျ" အစရှိ သော ဂါထာမဒေသနာတော်ကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထို အခါ ပုဏ္ဏားဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ နန္ဒိဝိသာလ နွားဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

[ချစ်ဘွယ်သိမ်းကျုံး၊ နှုတ်လျှိုသုံး၊ အားလုံးကြိုက်တာ သတ္တဝါ]

ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော နန္ဒိဝိသာလဇာတ်သည် ပြီး၏။

---

၁၊ အလဗ္ဘေသိ (သီ)

ဤသူငယ်မ၏ ထိမ်းမြားသော အခါ၌ လာကုန်သော ဧည့်သည်တို့၏ လက်သုပ်ဟင်းလျာသည် ဖြစ်လတ္တံ့ဟု နှလုံးသွင်းကုန်၍ ဤသူတို့သည်ဝက်ကိုမွေးကုန်၏၊ ဤနေ့မှ နှစ်ရက် သုံးရက် လွန်သဖြင့် ထိုသူတို့သည် လာကုန်လတ္တံ့၊ ထိုအခါ ထိုဝက်ကို ခြေတို့၌ ငင်ကုန်လျက် ညောင်စောင်းအောက်မှ ထုတ်၍ အသက်ကုန်ခြင်းသို့ရောက်စေ၍ ဧည့်သည်တို့၏ လက်သုပ် ဟင်းလျာ ပြုသည်ကို မြင်ရလတ္တံ့ဟု ဆိုလို၍—

၃၀၊ မာ မုနိကဿ ပိဟယိ၊ အာတုရန္နာနိ ဘုဉ္ဇတိ၊
အပ္ပေါဿုက္ကော ဘုသံ ခါဒ၊ ဧတံ ဒီဃာယုလက္ခဏံ။

ဟူသော ဤဂါထာကို ဆို၏။

တာတ စူဠလောဟိတ၊ ညီထွေး စူဠလောဟိတ။ မုနိကဿ၊ မုနိက၏။ ဘောဇနံ၊ အစာကို။ မာ ပိဟယိ၊ မချစ်လင့်။ မုနိကော၊ မုနိကသည်။ အာတုရန္နာနိ၊ သေအံ့သော ထမင်းတို့ကို။ ဘုဉ္ဇတိ၊ စား၏။ တွံ၊ သင်သည်။ အပ္ပေါဿုက္ကော၊ ကြောင့်ကြမဲ့သည်ဖြစ်၍။ ဘုသံ၊ ဖွဲကို။ ခါဒ၊ စားလော့။ ဧတံ၊ထိုဖွဲကိုစားခြင်းသည်။ ဒီဃာယုလက္ခဏံ၊အသက်ရှည်ခြင်း လက္ခဏာတည်း။

ထို့နောင် မကြာမြင့်မီလျှင် ထိုလူတို့သည် လာကုန်၏၊ မုနိကကို သတ်၍ အထူးထူး အပြားပြား ကုန်သော အဆောက် အဦတို့ဖြင့် ချက်ကုန်၏၊ ဘုရားလောင်းသည် စူဠလောဟိတကို ညီထွေး သင်သည်မုနိကကိုမြင်ပြီလောဟု ဆို၏၊ အစ်ကို ငါသည် မုနိက၏ အစာ၏အကျိုးကို မြင်ပြီ၊ ထိုအစာကို စားရသောထက် ငါတို့၏ မြက် သစ်ရွက် ဖွဲသည်သာလျှင် အဆအရာ အဆအထောင် မြတ်လည်း မြတ်၏၊ အပြစ်လည်း ကင်း၏၊ အသက်ရှည်ခြင်း၏ လက္ခဏာလည်း ဖြစ်၏ဟု ဆို၏၊ မြတ်စွာဘုရားသည် ရဟန်း ဤသို့လျှင် သင်သည် ရှေး၌လည်း သူငယ်မကိုမှီ၍ အသက်ကုန်ခြင်းသို့ ရောက်၍ လက်သုပ် ဟင်းလျာ၏ အဖြစ်သို့ ရောက်ဘူးပြီဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် သာအနုသန္ဓေကိုစပ်၍ ယခုအခါငြီးငွေ့သောရဟန်းသည် ထိုအခါမုနိကဝက်ဖြစ်ဘူးပြီ၊ယခုအခါအပျိုကြီးသည်ထိုအခါ

ဓာရုံ ကျောင်း၌နေတော်မူစဉ် "ခေါင်းခုပုဆိုးကိုစွဲ၍ ဖြစ်သောခိုက်ရန်" ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အခိုက်ရန်ဖြစ်ခြင်းသည် "ကုဏာလဇာတ်* ၌ ထင်စွာ ဖြစ်လတ္တံ့၊ ထိုအခါ၌ကား မြတ်စွာဘုရားသည် ဆွေတော်မျိုးတော် တို့ကို ခေါ်တော်မူ၍ မြတ်သောမင်းကြီး အဆွေအမျိုးတို့၏ ထိုချင်းချင်းခိုက်ရန် ဖြစ်ခြင်းသည်မသင့်၊ ထိုစကားသည် မှန်၏၊ တိရစ္ဆာန်တို့သည်လည်း ရှေးညီညွတ် သောကာလ၌ ရန်သူတို့ကို လွှမ်းမိုး၍ ချမ်းသာခြင်းသို့ ရောက်ကုန်၏၊ အကြင် အခါ၌ ခိုက်ရန်ဖြစ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအခါ ကြီးစွာသော ပျက်စီးခြင်း သို့ ရောက်ကုန်၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ အဆွေအမျိုး ဖြစ် ကုန်သော မင်းတို့သည် တောင်းပန်အပ်ကုန်သည် ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု....လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည် သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ငုံးအမျိုး၌ဖြစ်၍ အထောင်မကများစွာကုန်သော ငုံးအပေါင်းတို့ဖြင့် ခြံရံကုန်လျက် တော၌သာ လျှင် နေကုန်၏၊ ထိုအခါ တယောက်သောမုဆိုးသည် ထိုငုံးတို့၏ နေရာအရပ်သို့ ရောက်၍ ငုံးသံကိုမြည်၍ ထိုငုံးတို့၏ စည်းဝေးသော အဖြစ်ကိုသိ၍ ထိုငုံးတို့၏ အထက်၌ ကွန်ကိုပစ်၍ အစွန်းတို့၌ ငင်လျက် အလုံးစုံသောငုံးတို့ကို တပေါင်း တည်းပြု၍ တောင်းကိုပြည့်စေ၍ အိမ်သို့သွား၍ ငုံးတို့ကိုရောင်း၍ ထိုအဘိုးဖြင့် အသက်မွေး၏၊ ထိုအခါ တနေ့သ၌ ဘုရားလောင်းသည် ငုံးတို့ကိုဆို၏၊ ဤမုဆိုး သည် ငါတို့၏ ဆွေမျိုးတို့ကို ပျက်စီးခြင်းသို့ ရောက်စေ၏၊ အကြင် အကြောင်း ဖြင့် မုဆိုးတို့သည် ငါတို့ကို ယူခြင်းငှါ မတတ်နိုင်လတ္တံ့၊ ငါသည် တခုသော ထို အကြောင်းကိုသိ၏၊ ဤနေ့မှစ၍ မုဆိုးသည် သင်တို့၏အထက်၌ ကွန်ကိုပစ်လတ် သည်ရှိသော် တကောင်တကောင်စီ တခုတခုသော ကွန်ပေါက်၌ ဦးခေါင်းကို ထား၍ ကွန်ကိုချီ၍ အလိုရှိရာအရပ်သို့ဆောင်၍ ဆူးရှိသောချုံ၌ ပစ်ကုန်လော့၊ ဤသို့ ပစ်ပြီးသည်ရှိသော် အောက်မှ ထိုထိုအရပ်သို့ ပြေးကြကုန်အံ့ဟု ဆို၏၊ ခပ်သိမ်းကုန်သော ငုံးတို့သည် ကောင်းပြီဟု ဝန်ခံကုန်၏၊ နှစ်ရက်မြောက်သော နေ့၌ အထက်၌ ကွန်ကို ပစ်သည်ရှိသော် ထိုငုံးတို့သည် ဘုရားလောင်းပေးသော

---

* အသိတိနိပါတ်မှာ ပါသည်။

သည်မှ နောက်၌ ဆွမ်းခံရွာမှဖဲခဲ့၍ ရဟန်းအပေါင်း ခြံရံလျက် ခရီးကို ကြွတော်မူ၏၊ ထိုအခါ ကြီးစွာသော တောမီးသည် ထလေ၏၊ ရှေ့မှငှင်း နောက်မှငှင်း များစွာကုန်သော ရဟန်းတို့သည် ဖြစ်ကုန်၏၊ ထိုတောမီးသည်လည်း တလုံးတည်းသော အခိုးအလျှံရှိ၍ လွှမ်းလျက်လာ၏၊ ထိုရဟန်းအပေါင်း၌ အချို့ကုန်သော ပုထုဇဉ်ရဟန်းတို့သည် သေအံ့သောဘေးမှ ကြောက်ကုန်သည်ဖြစ်၍ မီးကြိုကို ပေးကုန်အံ့၊ ထိုမီးကြိုလောင်ရာအရပ်ကို တောမီးသည် မလွှမ်းလတ္တံ့ဟု ပွတ်ကျည် ပွတ်ခုံတို့ကိုလုပ်၍ မီးတို့ကို ပြုကုန်၏။

တပါးကုန်သော ရဟန်းတို့သည် ငါ့သျှင်တို့ သင်တို့သည် အဘယ်မည်သော အမှုကို ပြုကြကုန်သနည်း၊ ကောင်းကင်လယ်၌တည်သော လ,ဝန်းကို မမြင်ကုန်သကဲ့သို့ငှင်း အရှေ့လောကဓာတ်မှ တက်သော အထောင်မကသော ရောင်ခြည်တို့ဖြင့် တန်ဆာဆင်အပ်သော နေ့,ဝန်းကို မမြင်ကုန်သကဲ့သို့ငှင်း ကမ်းနား၌ ရပ်ကုန်လျက် သမုဒ္ဒရာကို မမြင်ကုန်သကဲ့သို့ငှင်း မြင့်မိုရ်တောင်ကို မှီကုန်သော သူတို့သည် မြင့်မိုရ်တောင်ကို မမြင်ကုန်သကဲ့သို့ငှင်း နတ်နှင့်တကွသော လောက၌ မြတ်သော ပုဂ္ဂိုလ်ဖြစ်သော မိမိနှင့်တကွ သွားသည်သာလျှင်ဖြစ်သော မြတ်စွာဘုရားကို မကြည့်ကုန်မူ၍ မီးကြိုကို ပေးကုန်အံ့ဟု သင်တို့သည် ပြုကုန်၏၊ မြတ်စွာဘုရား၏ အစွမ်းမည်သည်ကို သင်တို့သည် မသိကုန်၊ လာကုန်လော မြတ်စွာဘုရားအထံသို့ သွားကုန်အံ့ဟု ဆိုကုန်၏၊ ဆိုပြီး၍ ရှေ့မှငှင်း နောက်မှငှင်း သွားကုန်သော ခပ်သိမ်းကုန်သော ထိုရဟန်းတို့သည် တပေါင်းတည်းဖြစ်ကုန်၍ မြတ်စွာဘုရားအထံသို့ သွားကုန်၏။

မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် မထင်ရှားသောအရပ်၌ ရပ်၏၊ တောမီးသည် လွှမ်းဘိသကဲ့သို့ မြည်လျက်လာ၏၊ လာပြီး၍ မြတ်စွာဘုရား၏ ရပ်ရာအရပ်သို့ရောက်၍ ထိုအရပ်၏ ထက်ဝန်းကျင်မှ တဆယ့်ခြောက်ပယ်မျှသော အရပ်သို့ရောက်၍ ရေ၌ ပစ်အပ်သော မြက်မီးရှူးကဲ့သို့ ငြိမ်း၏၊ ထက်ဝန်းကျင်မှ သုံးဆယ့်နှစ်ပယ်မျှသော အရပ်ကို လွှမ်းခြင်းငှါ မတတ်နိုင်၊ ရဟန်းတို့သည် မြတ်စွာဘုရား၏ ကျေးဇူးစကားကို အားထုတ်ကုန်၏၊ ဘုရားတို့၏ ကျေးဇူးတော်မည်သည်ကား အံ့ဘွယ်သရဲရှိစွ၊ ထိုစကားသည် မှန်၏၊ စိတ်မရှိသော ဤတောမီးစင် ဖြစ်ပါလျက် ဘုရားတို့၏ တည်ရာအရပ်ကို

သစ္စာဆိုခြင်းနှင့်တကွ တဆယ့်ခြောက်ပယ်မျှသော အရပ်၌ တောမီးသည် ဖဲ၏၊ ဖဲသော တောမီးသည်လည်း လောင်လျက်လျှင် တပါးသောအရပ်သို့သွားသည် မဟုတ် စင်စစ်သော်ကား ရေ၌ နှစ်အပ်သော မြက်မီးရှူးကဲ့သို့ ထိုအရပ်၌လျှင် ငြိမ်း၏၊ ထို့ကြောင့်—

သဟ သစ္စေ ကတေ မယှံ၊ မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသကရီသာနိ၊ ဥဒကံ ပတွာ ယထာ သိခီ။

ဟူ၍ ဟောတော်မူအပ်၏။

မယှံ-မယာ၊ ငါသည်။ သစ္စေ၊ သစ္စာကို။ ကတေ၊ ပြုသည်ရှိသော်။ သစ္စကိရိယာယ၊ သစ္စာပြုခြင်းနှင့်။ သဟ၊ တကွ။ ဥဒကံ၊ရေသို့။ ပတွာ၊ ရောက်၍။ သိခီ၊ မီးသည်။ နိဗ္ဗာယတိ ယထာ၊ ငြိမ်းသကဲ့သို့။ တထာ၊ ထို့အတူ။ မဟာပဇ္ဇလိတော၊ ကြီးသော အလျှံရှိသော။ သိခီ၊ တောမီးသည်။ သောဠသကရီသာနိ၊ [၁] တဆယ့်ခြောက်ပယ်တို့ကို။ ဝဇ္ဇေသိ၊ ကြဉ်၏။

ထိုအရပ်သည်ကား အလုံးစုံသော ဤဘဒ္ဒကပ် ကမ္ဘာပတ်လုံး မီးမလောင်သည်၏ အဖြစ်ကြောင့် ကမ္ဘာပတ်လုံး တည်သော တန်ခိုးရှိသော အရပ်မည်သည် ဖြစ်၏၊ ထိုသို့ ဘုရားလောင်းသည် သစ္စာဆိုခြင်းကိုပြု၍ အသက်၏ အဆုံး၌ ကံအားလျော်စွာ လား၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ ဤအရပ်၌ မီး၏ မလွှမ်းခြင်းသည် ယခု ငါဘုရား၏ အစွမ်းမဟုတ်၊ ထိုအစွမ်းသည်ကား ရှေးငုံးငယ် ဖြစ်သော ကာလ၌ ငါဘုရားလောင်း၏ သာလျှင် သစ္စာအစွမ်းတည်းဟု ဤဓမ္မဒေသနာကို ဆောင်၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန်, အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ်, အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ်, အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏ဟု သိအပ်၏။

---

၁၊ အဋ္ဌကထာဆရာနှင့် အရှင်ဓမ္မပါလ ဆရာတို့အလို ခ ါရီနှင့် အမ္ဗဏညီမျှ၍ ၁၆-ဒေါဏသည် တအမ္ဗဏ၊ မူလဋီကာအလို ၄-ဒေါဏ၊ ကေစိတို့အလို ၆-ဒေါဏသည် တအမ္ဗဏ မည်၏၊ ၄-အမ္ဗဏ မျိုးကြဲလောက်ရာ အရပ်သည် ကရီသတခု ဖြစ်၏။

အရှင် ကမ္ဘာဦးမှစ၍ ငါးတို့ကို ကြံသော ဗျိုင်းမည်သည် မရှိ၊ သင်သည် ငါတို့တွင် တကောင် တကောင်ကို စားလိုသလောဟု မေးကြကုန်၏၊ ငါသည် သင်တို့ကို မစားအံ့၊ အိုင် ရှိ, မရှိ အဖြစ်ကို ငါ့အား သင်တို့သည် မယုံကြည် ကြကုန်ငြားအံ့၊ တခုသော ငါးကို ငါနှင့်တကွ အိုင်ကို ကြည့်စိမ့်သောငှါ လိုက်စေကုန်လောဟု ဆို၏၊ ငါးတို့သည် ဗျိုင်းစကားကို ယုံကုန်၍ ဤငါးသည် ရေ၌ရင်း ကြည်း၌ရင်း စွမ်းနိုင်သောငါးတည်း၊ဤငါးကိုဆောင်၍သွားလောဟု တခုသော မည်းနက်သော ငါးကြီးကို ပေးကုန်၏၊ ဗျိုင်းသည် ထိုငါးကြီးကို ယူဆောင်၍ အိုင်၌ လွှတ်၍ အလုံးစုံသော အိုင်ကိုပြ၍ တဖန်ဆောင်ခဲ့၍ ထိုငါး တို့၏ အထံ၌ လွှတ်၏၊ ထိုငါးကြီးသည် ငါးတို့အား အိုင်၏ ပြည့်စုံခြင်းကို ချီးမွမ်း၏၊ငါးတို့သည် ငါးကြီးစကားကိုကြားကြကုန်၍ သွားလိုကုန်သည်ဖြစ်၍ အရှင် ကောင်းပေစွ ငါတို့ကို ယူ၍ သွားပါလေလောဟု ဆိုကုန်၏၊ ဗျိုင်းသည် ရှေးဦးစွာ မည်းနက်သော ငါးကြီးကိုလျှင် ယူ၍ အိုင်နားသို့ ဆောင်၍ အိုင်ကို ပြ၍ အိုင်နား၌ ပေါက်သော တခုသော ရေခတက်ပင်၌ နား၍ ထိုငါးကြီးကို သစ်ခွကြား၌ထား၍ နှုတ်သီးဖြင့် ပေါက်လျက် အသက်ကုန်ခြင်းသို့ ရောက်စေ၍ အသားကိုစား၍ အရိုးတို့ကို သစ်ပင်ရင်း၌ချခဲ့၍ တဖန်လာ၍ ငါသည် ထိုငါးကို အိုင်၌ လွှတ်ခဲ့ပြီ၊ တပါးသော ငါးသည် လာစေသတည်းဟု ဆို၏၊ ဤနည်း ဖြင့်လျှင် တကောင် တကောင်ကို ယူ၍ အလုံးစုံသော ငါးတို့ကို စား၍ တဖန် လာပြန်သည်ရှိသော် တခုသောငါးကိုမျှလည်း မမြင်။

ဤအိုင်၌ တခုသော ဗုဇွန်သည်ကား ကြွင်းသေး၏၊ ဗျိုင်းသည် ထိုဗုဇွန် ကိုလည်း စားလိုသည်ဖြစ်၍ အိုဗုဇွန် ငါသည် ခပ်သိမ်းသော ငါးတို့ကိုဆောင်၍ ပဒုမာတို့ဖြင့် ဖုံးလွှမ်းသော အိုင်၌ လွှတ်အပ်ကုန်ပြီ၊ လာလော့ သင့်ကိုလည်း ဆောင်အံ့ဟု ဆို၏၊ သင်သည် ငါ့ကို ဆောင်၍ သွားသည် ရှိသော် အသို့ ယူလတ္တံ့နည်းဟု မေး၏၊ ကိုက်၍ ယူအံ့ဟု ဆိုလေ၏၊ သင်သည် ဤသို့ ယူ၍ သွားသည်ရှိသော် ငါ့ကို ချလတ္တံ့၊ ငါသည် သင်နှင့်တကွ မလိုက်ဝံ့ဟု ဆို၏၊ မကြောက်လင့် ငါသည် သင့်ကို ကောင်းမွန်စွာ ယူ၍သွားအံ့ဟုဆို၏၊ ထိုအခါ ဗုဇွန်သည် ဤဗျိုင်းအား ငါးကိုဆောင်၍ အိုင်နား၌ လွှတ်ခြင်းမည်သည် မရှိ၊ ငါ့ကို အကယ်၍ လွှတ်မူကား ကောင်း၏၊ အကယ်၍ မလွှတ်မူကား ဗျိုင်း၏

# ၃၉—နန္ဒဇာတ်

## တခုသောအရပ်၌ ရှိသေကျိုးနွံလျက် တခုသောအရပ်၌ ဆန့်ကျင်ဘက် ဖြစ်ကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နုတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မညေ သောဝဏ္ဏယော ရာသိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ နန္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် "အရှင်သာရိပုတ္တရာမထေရ်၏ အတူနေတပည့်" ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုရဟန်းသည် ဆုံးမလွယ်သော စကားရှိ၏၊ ဆုံးမခြင်းငှါ ခံ၏၊ ရှင်သာရိပုတ္တရာမထေရ်အား ကြီးစွာသော အားထုတ်ခြင်းဖြင့် ကျေးဇူးကို ပြု၏၊ နောက်မှ တပါးသောအခါ၌ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာ ဘုရားကိုပန်၍ ဒေသစာရီ သွားသည်ရှိသော် ဒက္ခိဏာဂိရိ ဇနပုဒ်သို့ ရောက်၏၊ ထိုရဟန်းသည် ဒက္ခိဏာဂိရိ ဇနပုဒ်သို့ ရောက်သောကာလ၌ မာနဖြင့် ခိုင်မာ သည်ဖြစ်၍ အရှင်သာရိပုတ္တရာမထေရ်၏ စကားကို မလိုက်နာ၊ ငါ့သျှင် သင် သည် ဤမည်သောအမှုကို ပြုပါလောဟု ဆိုသည်ရှိသော်ကား အရှင်သာရိပုတ္တ ရာ၏ ဆန့်ကျင်ဘက်သည်ဖြစ်၏၊ အရှင်သာရိပုတ္တရာသည် ထိုရဟန်း၏ အလိုကို မသိ၍ ရှင်သာရိပုတ္တရာမထေရ်သည် ထိုအရပ်၌ ဒေသစာရီသွား၍ တဖန် ဇေတ ဝန်ကျောင်းသို့ ပြန်ခဲ့၏၊ ထိုရဟန်းသည်လည်း အရှင်သာရိပုတ္တရာမထေရ်၏ ဇေတဝန်ကျောင်းသို့ လာသောအခါမှစ၍ တဖန် ထိုသို့ သဘောရှိသည်သာ လျှင်ဖြစ်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားအား အရှင်ဘုရား အကျွန်ုပ်၏ တယောက်သောတပည့်သည် တခုသောအရပ်၌ တရာဖြင့်ဝယ်သော ကျွန်ကဲ့သို့ဖြစ်၏၊ တခုသော အရပ်၌ကား ဤတပည့် ရဟန်းသည် မာနဖြင့် ခိုင်မာသည်ဖြစ်၍ ဤမည်သောအမှုကို ပြုလောဟု ဆိုသည်ရှိသော် ဆန့်ကျင် ဘက်ဖြစ်၏ဟု ကြားလျှောက်၏၊ မြတ်စွာဘုရားသည် သာရိပုတ္တရာ ဤရဟန်း သည် ယခုသာလျှင် ဤသို့ သဘောရှိသည် မဟုတ်သေး၊ ရှေး၌လည်း ဤ ရဟန်းသည် တခုသောအရပ်သို့ ရောက်သည်ရှိသော် တရာသောဥစ္စာဖြင့် ဝယ် သော ကျွန်ကဲ့သို့ဖြစ်၏၊ တခုသောအရပ်သို့ ရောက်သည်ရှိသော် ဆန့်ကျင်

သွား၏၊ သွားပြီး၍ကား ငါ့ကိုဆဲရေး၏၊ ထိုဆဲရေးရာ၌ အကြောင်းကို ငါမသိ၊ ငါ့အဘ၏ အဆွေခင်ပွန်း ဖြစ်သော သူကြွယ်သည် ရှိသလျှင် ကတည်း၊ ထိုသူကြွယ်ကို မေး၍ ငါသိအံ့ဟု နှလုံးသွင်း၍ ဘုရားလောင်း၏ အထံသို့သွား၍ အလုံးစုံသော အကြောင်းကို ကြား၍ ဘခင် အကြောင်းအသို့နည်းဟု မေး၏၊ ဘုရားလောင်းသည် ချစ်သား အကြင်အရပ်၌ တည်လျက် နန္ဒသည် သင့်ကို ဆဲရေး၏၊ ထိုအရပ်၌လျှင် သင့်အဘ၏ ဥစ္စာသည် ရှိ၏၊ ထို့ကြောင့် အကြင် အခါ၌ နန္ဒသည် သင့်အား ဆဲရေး၏၊ထိုအခါ၌ ဟယ်ကျွန် လာလောဟု နန္ဒကို ငင်၍ ပေါက်တူးကို ယူ၍ ထိုအရပ်ကို တူး၍ အမျိုး၏ဥစ္စာကို ထုတ်၍ ကျွန်ကို ချီရွက်စေ၍ ဥစ္စာကို ဆောင်ခဲ့လောဟု ဆိုလို၍—

၃၅၊ မညေ သောဝဏ္ဏယော ရာသိ၊ သောဝဏ္ဏမာလာ စ နန္ဒကော။
ယတ္ထ ဒါသော အာမဇာတော၊ ဌိတော ထုလ္လာနိ ဂဇ္ဇတိ။

ဟူသော ဤဂါထာကို ဆို၏။

တာတ၊ ချစ်သား။ ယတ္ထ၊ အကြင်အရပ်၌။ အာမဇာတော၊ အိမ်ကျွန်မ သားဖြစ်သော။ နန္ဒကော၊ နန္ဒမည်သော။ ဒါသော၊ ကျွန်သည်။ ဌိတော၊ ရပ်လျက်။ ထုလ္လာနိ၊ ကြမ်းကြုတ်ကုန်သော စကားတို့ကို။ ဂဇ္ဇတိ၊ ဆို၏။ တတ္ထေဝ၊ထိုအရပ်၌လျှင်။ သောဝဏ္ဏယောရာသိ စ၊ ရတနာတို့၏ အစုသည်ငှင်း။ သောဝဏ္ဏမာလာ စ၊ ရွှေပန်းသည်ငှင်း။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ မညေ-မညာမိ၊ ငါထင်၏။

ဤသို့ ဘုရားလောင်းသည် သတို့သားအား ဥစ္စာဆောင်ခြင်း၏အကြောင်း ကို ကြား၏၊ သတို့သားသည် ဘုရားလောင်းကို ရှိခိုး၍ အိမ်သို့သွား၍ နန္ဒကို ခေါ်၍ ဥစ္စာမြှုပ်ရာ အရပ်သို့ သွား၍ ဘုရားလောင်းဆုံးမတိုင်း ကျင့်၍ ထိုဥစ္စာ ကိုဆောင်၍ ဥစ္စာကိုဖြစ်စေ၍ ဘုရားလောင်း၏ အဆုံးအမ၌တည်၍ ဒါန အစ ရှိသော ကောင်းမှုကို ပြု၍ အသက်၏ အဆုံး၌ ကံအားလျော်စွာ လား၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် ဤရဟန်းသည် ရှေး၌လည်း ဤသို့ သဘောရှိသည်သာလျှင်တည်းဟုမိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်

ဤသို့လျှင် နေ့တိုင်း နေ့တိုင်း စွန့်ကြဲသော အနာထပိဏ် သူဌေး၏ အလှူ၌ ပမာဏမရှိ။

များစွာကုန်သော ကုန်သွယ်၍ အသက်မွေးကုန်သော သူတို့သည်လည်း အနာထပိဏ်သူဌေး၏ လက်မှ စာရင်းတင်၍ တဆယ့်ရှစ်ကုဋေ အရေအတွက် ရှိသော ဥစ္စာကို မြီပြု၍ ယူကုန်၏၊ သူဌေးကြီးသည် ထိုကုန်သည်တို့ကို ဥစ္စာကို မဆောင်စေ၊သူဌေးကြီးသည် မြစ်နား၌ မြှုပ်၍ ထားအပ်ကုန်သော မြီပေးသော ဥစ္စာမှ တပါးကုန်သော အမျိုးဥစ္စာ ဖြစ်ကုန်သော တဆယ့်ရှစ်ကုဋေကုန်သော ဥစ္စာတို့သည် အစိရဝတီမြစ်ရေသည်မြစ်ကမ်းကိုဖြိုသည်ရှိသော် မဟာသမုဒြာသို့ ဝင်၍ တည်ကုန်၏၊ ပိတ်တိုင်းသာလျှင် ဖြစ်ကုန်သော ကြေးအိုးတို့သည် သမုဒြာ ဝမ်း၌ လိမ့်လျက် သွားကုန်၏၊ သူဌေး၏အိမ်၌ကား ငါးရာကုန်သောရဟန်းတို့ အား နိစ္စဘတ်သည် မပြတ်ဖြစ်၏၊ ထိုစကားသည် မှန်၏၊ သူဌေးကြီး၏ အိမ် သည် ရဟန်းသံဃာတို့၏ ခရီးလေးဆုံ၌ တူးအပ်သော ရေကန်နှင့် တူ၏၊ခပ်သိမ်း သော ရဟန်းတို့၏ မိဘအရာ၌ တည်၏၊ ထို့ကြောင့် အနာထပိဏ်သူဌေးအိမ်သို့ မြတ်စွာဘုရားသည်လည်း ကြွတော်မူ၏၊ ရှစ်ကျိပ်ကုန်သော မထေရ်တို့သည် လည်း ကြွတော်မူသလျှင်ကတည်း၊ အိမ်သို့ ကြွသည်လည်းဖြစ်ကုန်သော အိမ်မှ လာသည်လည်း ဖြစ်ကုန်သော ရဟန်းတို့၏ကား ပမာဏသည်မရှိ၊ ထိုအိမ် သည်ကား ဘုံခုနစ်ဆင့်ရှိ၏၊ တံခါးမုတ် ခုနစ်ဆင့်တို့ဖြင့် တန်ဆာဆင်အပ်၏၊ ထိုအိမ်၏ လေးခုမြောက်သော တံခါးမုတ်၌ တယောက်သော မိစ္ဆာဒိဋ္ဌိနတ် သည် နေ၏။

မြတ်စွာဘုရားသည် အိမ်သို့ ဝင်သည်ရှိသော် မိမိ၏ဗိမာန်၌ တည်ခြင်းငှါ မတတ်ကောင်း၊ သူငယ်တို့ကိုယူ၍ မြေ၌ တည်၏၊ ရှစ်ကျိပ်ကုန်သော မထေရ် တို့သည်ငှင်း ကြွင်းကုန်သော မထေရ်တို့သည်ငှင်း ဝင်ကုန်သည် ရှိသော်ငှင်း ထွက်ကုန်သည်ရှိသော်ငှင်း ထိုအတူသာလျှင်ပြုရ၏၊ထိုနတ်သည် ရဟန်းဂေါတမ သည်ငှင်း ရဟန်းဂေါတမ၏ တပည့်တို့သည်ငှင်း ဤအိမ်သို့ ဝင်ကုန်သည်ရှိသော် ငါ့အား ချမ်းသာသော မည်သည်မရှိ၊ အခါခပ်သိမ်းသက်၍ မြေ၌တည်ခြင်းငှါ မတတ်နိုင်၊ အကြင်သို့သော အခြင်းအရာအားဖြင့် ဤရဟန်းတို့သည် ဤအိမ် သို့မဝင်ကုန်၊ ထိုသို့သော အခြင်းအရာအားဖြင့် ငါသည် ပြုခြင်းငှါသင့်၏ဟု ကြံ၏။

မှုသည် အကျိုးမပေးသေး၊ ထိုရှေ့လောက်သောကာလပတ်လုံး ကောင်းကျိုးကို မြင်ရ၏၊ထိုမကောင်းမှုကိုပြုသောသူအား အကြင်အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ၌ မကောင်းကျိုးကိုသာလျှင် မြင်ရ၏၊ ကောင်းမှုကို ပြုသော ပုဂ္ဂိုလ်သည်လည်း အကြင်ရှေ့လောက် ကောင်းမှုသည် အကျိုး မပေးသေး၊ ထိုရှေ့လောက်သော ကာလပတ်လုံး မကောင်းကျိုးတို့ကို မြင်ရ၏၊ ကောင်းမှုကို ပြုသောသူအား အကြင်အခါ၌ကား ကောင်းမှုသည် အကျိုး ပေး၏၊ ထိုအခါ၌ ကောင်းကျိုးကိုသာ မြင်ရ၏ဟု ဟောတော်မူလို၍—

ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

ဟူသော ဓမ္မပဒ၌ ဤနှစ်ဂါထာကို ဟောတော်မူ၏။

ပါပေါပိ၊ မကောင်းမှုကို ပြုသော သူသည်လည်း။ ယာဝ၊ အကြင်ရှေ့ လောက်။ ပါပံ၊ မကောင်းမှုသည်။ န ပစ္စတိ၊ အကျိုး မပေးသေး။ တာဝ၊ ထိုရှေ့လောက်သော ကာလပတ်လုံး။ ဘဒြံ၊ ကောင်းကျိုးကို။ ပဿတိ၊ မြင်ရ၏။ ယဒါ စ၊ အကြင် အခါ၌လည်း။ ပါပံ၊ မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏။ အထ၊ ထိုအခါ၌။ ပါပေါ၊ မကောင်းမှုကို ပြုသောသူသည်။ ပါပါနိ၊ မကောင်းကျိုးတို့ကို။ ပဿတိ၊ မြင်ရ၏။

ဘဒြောပိ၊ကောင်းမှုကိုပြုသောသူသည်လည်း။ ယာဝ၊အကြင်ရှေ့လောက်။ ဘဒြံ၊ ကောင်းကျိုးသည်။ န ပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက် သော ကာလပတ်လုံး။ ပါပံ၊ မကောင်းကျိုးကို။ ပဿတိ၊ မြင်ရ၏။ ယဒါ စ၊ အကြင်အခါ၌လည်း။ ဘဒြံ၊ ကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏။ အထ၊ ထိုအခါ၌။ ဘဒြော၊ ကောင်းမှုကို ပြုသောသူသည်။ ဘဒြာနိ၊ ကောင်းကျိုး တို့ကို။ ပဿတိ၊ မြင်ရ၏။

ဤ ဂါထာတို့၏ အဆုံး၌ကား နတ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ထိုနတ်သည် စက်တို့ဖြင့် မှတ်အပ်ကုန်သော မြတ်စွာဘုရား ခြေတော်တို့၌ ဝပ်၍

မိတ္တကော၊ မိတ္တဝိန္ဒကသည်။ အဇ္ဈဿ၊ ဆိတ်မ၏။ ပါဒံ၊ ခြေကို။ ဩလမ္ဗ၊ ဆွဲ၍။ သောစတိ ဝိယ၊ စိုးရိမ်ရသကဲ့သို့။ ဧဝံ-တထာ၊ထိုအတူ။ ဩဝဇ္ဇမာနေသ၊ နူးညံ့သော အစီးအပွားကို အလိုရှိသော စိတ်ဖြင့် ဆုံးမအပ်လျက်။ ယော၊ အကြင်သူသည်။ အတ္ထကာမဿ၊ အကျိုးစီးပွားကို အလိုရှိသော။ ဟိတာနု-ကမ္ပိနော၊ အကျိုးစီးပွားဖြင့် စောင့်ရှောက်သောသူ၏။ သာသနံ၊အဆုံးအမကို။ န ကရောတိ၊ နားမထောင်။ သော၊ ထိုသူသည်။ နိစ္စကာလံ၊ အခါခပ်သိမ်း။ သောစတိ၊ စိုးရိမ်ရ၏။

ဤ ဂါထာဖြင့် ဘုရားလောင်းသည် တရားဟော၏၊ ဤသို့ ထိုလောသက တိဿသည် ရဟန္တာမထေရ်၌ ဖြစ်မှား၍ ဤမျှလောက်သော ကာလ သုံးကြိမ် သော အတ္တဘောတို့၌သာလျှင် ပမ်းပြည့်အောင်သော အာဟာရကို ရဘူး၏၊ ဘီလူးဖြစ်၍ တနေ့သ၌ ကိုယ်ဝန် အညစ်အကြေးကို ရဘူး၏၊ ခွေးဖြစ်၍ တနေ့သ၌ အန်သော ထမင်းကို ရဘူး၏၊ ပရိနိဗ္ဗာန် ပြုသောနေ့၌ အရှင် သာရိပုတ္တရာ မထေရ်၏ အာနုဘော်ဖြင့် စတုမဓုကို ရ၏၊ ဤသို့ သူတပါး၏ လာဘ်အန္တရာယ်ကို ပြုခြင်းမည်သည်ကား ကြီးသော အပြစ်ရှိ၏ဟု သိအပ်၏၊ ထိုကာလ၌ကား ထိုဆရာသည်ရင်း မိတ္တဝိန္ဒကသည်ရင်း ကံအား လျော်စွာ လား၏။

**ဇာတ်ပေါင်း**။....မြတ်စွာဘုရားသည် ရဟန်းတို့ ဤသို့ လောသကတိဿ မထေရ်သည် မိမိ၏ လာဘ်မရသည်၏ အဖြစ်ကိုရင်း အရိယာတို့၏ တရားကို ရသည်၏ အဖြစ်ကိုရင်း မိမိသည် ပင်လျှင် ပြု၏ဟု ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ လောသကတိဿ မထေရ်သည် ထိုအခါ မိတ္တဝိန္ဒက ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဒိသာ ပါမောက္ခဆရာ ဖြစ်ဘူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

[ပစ္စည်းဝတ္ထု၊ ဝန်တိုမှု၊ ဓမ္မပဒေသံ ရှုကြရန်]

ရှေးဦးစွာသော လောသကဇာတ်သည် ပြီး၏။

ပျက်စီးခြင်းသို့ ရောက်သောကျီးကို မြင်၍ လျှပ်ပေါ်သောကျီး ငါ့စကားကို နားမထောင်၍ သင်သည် လောဘကို မှီ၍ ကြီးစွာသော ပျက်စီး ခြင်းသို့ ရောက်၏ဟု ဆိုလို၍—

၄၂၊ ယော အတ္ထကာမဿ ဟိတာနုကမ္ပိနော၊
ဩဝဇ္ဇမာနော န ကရောတိ သာသနံ။

ကပေါတကဿ ဝစနံ အကတွာ၊
အမိတ္တဟတ္ထတ္တဂတောဝ သေတိ။

ဟူသော ဤဂါထာကို ဆို၏။

ယော၊ အကြင် သူသည်။ ဩဝဇ္ဇမာနော၊ နူးညံ့သော အစီး အပွားကို အလိုရှိသော စိတ်ဖြင့် ဆုံးမလျက်။ အတ္ထကာမဿ၊ အကျိုးစီးပွားကို အလိုရှိသော။ ဟိတာနုကမ္ပိနော၊ အကျိုးစီးပွားဖြင့် စောင့်ရှောက်တတ်သောသူ၏။ သာသနံ၊ အဆုံးအမကို။ န ကရောတိ၊ နားမထောင်။ သော၊ ထိုသူသည်။ ကပေါတကဿ၊ ခို၏။ ဝစနံ၊ စကားကို။ အကတွာ၊ နားမထောင်၍။ အမိတ္တ ဟတ္ထတ္တဂတော၊ ရန်သူတို့၏ လက်သို့ ရောက်သော။ ကာကောဝ၊ ကျီးကဲ့သို့။ အနုသောစမာနော၊ စိုးရိမ်လျက်။ သေတိ၊ အိပ်ရ၏။

ဘုရားလောင်းသည် ဤဂါထာကိုဆို၍ ယခုအခါ ငါသည်လည်း ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်းဟု နှလုံးသွင်း၍ တပါးသော အရပ်သို့ သွားလေ၏၊ ကျီးသည်လည်း ထိုတောင်း၌လျှင် အသက်ကုန်ခြင်းသို့ရောက်၏၊ ထိုအခါကျီးကို ထမင်းချက်သည် တောင်းနှင့်တကွ ယူ၍ တံမြက်ချေးစွန့်ရာ အရပ်၌ စွန့်၏၊ မြတ်စွာဘုရားသည်လည်း ရဟန်း သင်သည် ယခုသာလျှင် လျှပ်ပေါ်သည် မဟုတ်သေး၊ ရှေး၌လည်း လျှပ်ပေါ်သည် သာလျှင်တည်း၊ သင်၏ လျှပ်ပေါ် ခြင်းကိုလည်း မှီ၍ ပညာရှိတို့သည်လည်း မိမိနေရာမှ ယုတ်ဘူးကုန်ပြီဟု ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှပ်ပေါ်သော ရဟန်းသည် အနာဂါမိ ဖိုလ်ကို ရလေ၏။

လူတို့သည် ဖြစ်ဘူးကုန်သလျှင် ကတည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏၊ ထိုလူတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု**....သိတင်းသည်တို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ကုန်သွယ်ခြင်းဖြင့် အသက်မွေးခြင်းကို ပြု၏၊ ထိုအခါ ကာသိတိုင်း၌ တခုသော ပစ္စန္တရစ်ရွာ၌ များစွာကုန်သော လက်သွားတို့သည် နေကုန်၏၊ ထိုရွာ၌ တယောက်သော သစ်ရွေသော လက်သွားသည် သစ်ကို ရွေ၏၊ ထိုအခါ တခုသော မှက်သည် ထိုလက်သွား၏ ကြေးနီခွက် ကျောက်ကုန်းနှင့် တူသော ဦးခေါင်း၌နား၍ လှံဖြင့် ထိုးဘိသကဲ့သို့ ဦးခေါင်း၌ နှုတ်သီးဖျားဖြင့် ထိုး၏၊ ထိုလက်သွားသည် မိမိအထံ၌နေသော သားကို ချစ်သား ငါ၏ ဦးခေါင်း၌ မှက်သည် လှံဖြင့် ဆွဘိသကဲ့သို့ ထိုး၏၊ ထိုမှက်ကို မြစ်လောဟု ဆို၏၊ ဘခင် သည်းခံဦးလော တချက်တည်းဖြင့်သာလျှင် ထိုမှက်ကို သတ်အံ့ဟုဆို၏၊ ထိုအခါ ဘုရားလောင်းသည်လည်း မိမိ၏ဘဏ္ဍာကို ရှာသည်ရှိသော် ထိုရွာသို့ရောက်၍ ထိုလက်သွားတို့၏ စရပ်၌ နေ၏၊ ထိုအခါ၌လျှင် ထိုလက်သွားသည် သားကို ချစ်သား ဤမှက်ကို မြစ်လောဟု ဆို၏၊ ထိုသားသည် ဘခင် မြစ်အံ့ဟု ထက်လှစွာသော ပုဆိန်ကြီးကိုချီ၍ အဘ၏အနား၌ရပ်လျက် မှက်ကို ခတ်အံ့ဟု အဘ ဦးခေါင်းကို နှစ်ဖြာခွဲ၏၊ လက်သွားသည် ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏၊ ဘုရားလောင်းသည် ထိုလက်သွားသား၏ အမှုကိုမြင်၍ ရန်သူဖြစ်သော်လည်း ပညာရှိသည်သာလျှင် မြတ်၏၊ ထိုစကားသည် မှန်၏၊ ရန်သူ ပညာရှိသည် ဒဏ်မှကြောက်သောကြောင့်လည်း လူကို မသတ်လတ္တံ့ဟုကြံ၍—

၄၄၊ သေယျော အမိတ္တော မတိယာ ဥပေတော၊
န တွေဝ မိတ္တော မတိဝိပ္ပဟီနော။
မကသံ ဝဓိဿန္တိ ဧဠမူဂေါ၊
ပုတ္တော ပိတု အဗ္ဘိဒါ ဥတ္တမင်္ဂံ။

ဟူသော ဤဂါထာကို ဆို၏။

မတိယာ၊ ပညာနှင့်။ ဥပေတော၊ ပြည့်စုံသော။ အမိတ္တော၊ ရန်သူသည်။ သေယျော၊ မြတ်သေး၏။ မတိဝိပ္ပဟီနော၊ ပညာမှကင်းသော။ မိတ္တော၊ အဆွေ

မျောက်ကြီးသည် ကောင်းပြီ လောင်းအံ့ဟု ဆို၏၊ ထိုသို့တပြီးကား မမေ့မလျော့ ကုန်သည် ဖြစ်ကုန်လော့ဟု ရေလောင်းစိမ့်သောငှါ ထိုမျောက်တို့အား သားရေအိတ်တို့ကိုငှင်း သစ်သားအိုးတို့ကိုငှင်း ပေး၍သွား၏။

မျောက်တို့သည် သားရေအိတ်တို့ကိုငှင်း သစ်သားအိုးတို့ကိုငှင်း ယူကုန်၍ သစ်ပင်ငယ်တို့၌ ရေလောင်းကုန်၏၊ ထိုအခါ မျောက်ငယ်တို့ကို မျောက်အကြီးသည် အိုမျောက်တို့ ရေမည်သည်ကို စောင့်အပ်၏၊ သင်တို့သည် သစ်ပင်ငယ်တို့၌ ရေလောင်းကုန်သည်ရှိသော် နုတ်၍ အမြစ်ကို ကြည့်ကုန်၍ နက်သော အမြစ်ရှိသော သစ်ပင်ငယ်တို့၌ ရေများစွာ လောင်းကြကုန်လော၊ တိမ်သော အမြစ်ရှိကုန်သော သစ်ပင်ငယ်တို့၌ ရေအတန်ငယ် လောင်းကြကုန်လော၊ နောက်၌ ငါတို့အား ရေ ရခဲသည် ဖြစ်လတ္တံ့ ဤသို့ဆို၏၊ ထိုမျောက်ငယ်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ ထိုမျောက်ကြီးဆိုတိုင်း ပြုကုန်၏၊ ထိုအခါ တယောက်သော ပညာရှိယောကျ်ားသည် မင်း၏ ဥယျာဉ်၌ ထိုမျောက်တို့ကို မျောက်ကြီးဆိုကိုင်း ပြုကုန်သည်တို့ကိုမြင်၍ အို မျောက်တို့ အဘယ့်ကြောင့် သင်တို့သည် သစ်ပင်ငယ်တို့ကို နုတ်၍ အမြစ်ပမာဏဖြင့် ရေလောင်းကြကုန်သနည်းဟု မေး၏၊ ထိုမျောက်တို့သည် ဤသို့ ငါတို့အား မျောက်ကြီးသည် ဆုံးမ၏ဟု ဆိုကုန်၏၊ ထိုပညာရှိသော ယောကျ်ားသည် ထိုမျောက်တို့၏စကားကိုကြား၍ အို သူမိုက်တို့ ပညာ မရှိကုန်သော သူတို့သည် အကျိုးစီးပွားကို ပြုကုန်အံ့ဟု အကျိုးမဲ့ကိုသာ ပြုကုန်၏၊ စင်စစ် အံ့ဘွယ်ရှိစွ၊ ဤသို့ကြံ၍—

၄၆၊ န ဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။
ဟာပေတိ အတ္ထံ ဒုမ္မေဓော၊ ကပိ အာရာမိကော ယထာ။

ဟူသော ဤဂါထာကို ဆို၏။

ဒုမ္မေဓော၊ ပညာမရှိသော သူသည်။ အတ္ထံ၊ အကျိုးစီးပွားကို။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ အတ္ထံ၊ အကျိုးစီးပွားကို။ ဟာပေတိ၊ ယုတ်စေတတ်၏။ တသ္မာ၊ ထို့ကြောင့်။ အနတ္ထကုသလေန၊ အကျိုးရှိသည်၌ မလိမ္မာသောသူသည်။ အတ္ထစရိယာ၊ ချမ်းသာ နှစ်ပါး ဟူသော အကျိုးစီးပွားကို ကျင့်ခြင်းသည်။ န သုခါဝဟာ၊ ချမ်းသာကို ဆောင်ရွက်ခြင်းငှါမတတ်နိုင်။ အာရာမိကော၊ ဥယျာဉ်စောင့် ဖြစ်သော။ ကပိ၊ မျောက်သည်။ အတ္ထံ၊ အကျိုးစီးပွားကို။

ထိုအကြောင်းကို သူဌေးအား ကြား၏၊ သူဌေးသည် အကျိုးရှိသည်၌ မလိမ်မာ ကုန်သော သူမိုက်တို့မည်သည်ကား အကျိုးစီးပွားကို ပြုအံ့ဟု အကျိုးမဲ့ကိုသာ လျှင် ပြုကုန်၏ဟု ဤသို့ဆိုလို၍—

၄၇။ န ဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။
ဟာပေတိ အတ္ထံ ဒုမ္မေဓော၊ ကောဏ္ဍညော ဝါရုဏိံ ယထာ။

ဟူသော ဤဂါထာကို ဆို၏။

ဒုမ္မေဓော၊ ပညာမရှိသော သူသည်။ အတ္ထံ၊ အကျိုးစီးပွားကို။ ကရိဿာ မီတိ၊ ပြုအံ့ဟူ၍။ အတ္ထံ၊ အကျိုးစီးပွားကို။ ဟာပေတိ၊ ယုတ်စေ၏။ တသ္မာ၊ ထို့ကြောင့်။ အနတ္ထကုသလေန၊ အကျိုးမရှိသည်၌ လိမ်မာသော သူသည်။ တနည်းကား—အကျိုးရှိသည်၌ မလိမ်မာသောသူသည်။ အတ္ထစရိယာ၊ချမ်းသာ နှစ်ပါး ဟူသော အကျိုးကို ကျင့်ခြင်းသည်။ န သုခါဝဟာ၊ ချမ်းသာကို ဆောင်ခြင်းငှါ မတတ်နိုင်။ ကောဏ္ဍညော၊ ကောဏ္ဍညအမည်ရှိသော တပည့် သည်။ အတ္ထံ၊ အကျိုးစီးပွားကို။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ လောဏံ၊ ဆား ကို။ ပက္ခိပိတွာ၊ ခတ်၍။ ဝါရုဏိံ၊ သေကို။ ဝိနာသေတိ ယထာ၊ ဖျက်ဆီး သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ သဗ္ဗောပိ၊ အလုံးစုံလည်းဖြစ်သော။ အနတ္ထ ကုသလော၊ အကျိုးမရှိသည်၌ လိမ်မာသောသူသည်။ တနည်းကား—အကျိုး ရှိသည်၌ မလိမ်မာသောသူသည်။ ဝေ၊ စင်စစ်။ အတ္ထံ၊ အကျိုးစီးပွားကို။ ဟာ ပေတိ၊ ယုတ်စေ၏။ ဘုရားလောင်းသည် ဤဂါထာဖြင့် တရားဟော၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် သူကြွယ် ဤသူသည် ယခုအခါ၌ သာလျှင် သေကို ဖျက်ဆီးတတ်သည် မဟုတ်သေး၊ ရှေး၌လည်း ဖျက်ဆီးဘူး သလျှင်ကတည်းဟု မိန့်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ သေကို ဖျက် ဆီးတတ်သော သူသည်လျှင် ထိုအခါ သေကို ဖျက်ဆီးတတ်သောသူ ဖြစ်ဘူး ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဘူးပြီဟု ဤ သို့ ဇာတ်ကို ပေါင်းတော်မူ၏။

[အကျိုးကိုပြု၊ မိုက်မဲမှု၊ ကျိုးစုဖြာဖြာ ကျိုးမဲ့သာ]

ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝါရုဏိဒူသကဇာတ်သည် ပြီး၏။

အသက်ကုန်ခြင်းသို့ ရောက်ကုန်သည်တို့ကိုမြင်၍ နှစ်ယောက်တို့ဖြင့် ယုတ်သော ဤယောကျ်ားတထောင်သည် ပျက်စီးခြင်းသို့ ရောက်ပြီ၊ တပါးကုန်သော ခိုးသူတို့သည်သာလျှင် ဖြစ်ရာ၏ ဤသို့ကြံ၏၊ ဤသို့ ကြံပြီး၍ ထိုနှစ်ယောက်ကုန်သော ခိုးသူတို့သည်လည်း တည်တံ့အံ့သောငှါ မတတ်နိုင်လတ္တံ့၊ ထိုခိုးသူတို့သည် အဘယ်သို့ သွားကုန်သနည်း၊ ဤသို့ကြံ၍ သွားသည်ရှိသော် ထိုခိုးသူတို့၏ ဥစ္စာကို ယူ၍ တောချုံအရပ်သို့ဝင်ရာ ခရီးကို မြင်၍ သွားသည်ရှိသော် အထုပ်ဖြင့်ထုပ်အပ်သော ဥစ္စာအစုကိုမြင်၍ တယောက်သောသူကို ထမင်းခွက်ကိုဘိ၍ သေသည်ကို မြင်လေ၏၊ ထိုနောက်မှ ဤမည်သောအမှုကို ထိုသူတို့သည် ပြုသည် ဖြစ်လတ္တံ့၊ ဤသို့သိ၍ အဘယ်သို့လျှင် ထိုတယောက်သော ယောကျ်ားသည် သွားသနည်း၊ ဤသို့ စုံစမ်းသည်ရှိသော် တယောက်သော ယောကျ်ား၏လည်း ဖုံးလွှမ်းရာအရပ်၌ ပစ်ထားအပ်သော အသေကောင်ကို မြင်၍ ငါတို့၏ ဆရာသည် ငါ့စကားကို မလိုက်နာမူ၍ မိမိ၏ ဆိုနိုင်ခက်သည်၏ အဖြစ်ကြောင့် မိမိသည်လည်း ပျက်စီးခြင်းသို့ ရောက်ပြီ၊ ထိုဆရာသည် တပါးလည်း ဖြစ်သော ယောကျ်ားတထောင်ကိုလည်း ဖျက်ဆီးအပ်ပြီ၊ စင်စစ်ကား အကြောင်းမဟုတ် သဖြင့် မိမိ၏ စီးပွားခြင်းကို တောင့်တသောသူသည် ငါတို့၏ဆရာကဲ့သို့ ကြီးစွာသောပျက်စီးခြင်းသို့သာလျှင် ရောက်လတ္တံ့၊ ဤသို့ ကြံ၍—

၄၇၊ အနုပါယေန ယော အတ္ထံ၊ ဣစ္ဆတိ သော ဝိဟညတိ။
စေတာ ဟနိံသု ဝေဒဗ္ဗံ၊ သဗ္ဗေ တေ ဗျသနမဇ္ဈဂူ။

ဟူသော ဤဂါထာကို ဆို၏။

ယော၊ အကြင်သူသည်။ အနုပါယေန၊ အကြောင်းမဟုတ်သဖြင့်။ အတ္ထံ၊ စီးပွား ချမ်းသာကို။ ဣစ္ဆတိ၊ အလိုရှိ၏။ သော၊ ထိုသူသည်။ ဝိဟညတိ၊ ပင်ပန်း၏။ တနည်းကား—ကြီးသော ပျက်စီးခြင်းသို့ရောက်၏။ စေတာ၊ စေတတိုင်းသား ခိုးသူတို့သည်။ ဝေဒဗ္ဗံ၊ ဝေဒဗ္ဗပုဏ္ဏားကို။ ဟနိံသု၊ သတ်ကုန်ပြီ။ တေ သဗ္ဗေ၊ ထိုအလုံးစုံသော သူတို့သည်လည်း။ ဗျသနံ၊ ပျက်စီးခြင်းသို့။ အဇ္ဈဂူ၊ ရောက်ကုန်ပြီ။

ဤသို့ ဘုရားလောင်းသည် ငါတို့ဆရာသည် အကြောင်းမဟုတ်သဖြင့် အရာမဟုတ်ရာ၌ လုံ့လကိုပြုလျက် ဥစ္စာမိုယ်းကို ရှာစေ၍ မိမိသည်လည်း အသက်ကုန်ခြင်းသို့ ရောက်၏၊ တပါးကုန်သော သူတို့၏လည်း ပျက်စီးခြင်း၏ အကြောင်းသည် ဖြစ်သကဲ့သို့ ဤအတူ တပါးလည်း ဖြစ်သော အကြင်သူသည် အယုတ်သဖြင့် မိမိ၏ စီးပွားချမ်းသာကို အလိုရှိသည် ဖြစ်၍ လုံ့လကို ပြုလတ္တံ့၊ ခပ်သိမ်းသော သူတို့၏လည်း ပျက်စီးခြင်း၏ အကြောင်းသည် ဖြစ်လတ္တံ့ဟု တောကိုပဲ့တင်ထပ်စေ၍ နတ်တို့သည် ကောင်းချီးကိုပေးကုန်လျက် ဤဂါထာဖြင့် တရားကို ဟောလျက် ထိုဥစ္စာကို အကြောင်းဥပါယ်ဖြင့် မိမိ အိမ်သို့ဆောင်၍ အလှူအစရှိကုန်သော ကောင်းမှုတို့ကို ပြုလျက် အသက်၏ အဆုံး၌ နတ်ပြည်ကို ပြည့်စေလျက် လား၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည်လည်း ရဟန်း သင်သည် ယခုအခါ၌သာလျှင် ဆိုနိုင်ခက်သည် မဟုတ်သေး၊ ရှေး၌လည်း ဆိုနိုင်ခက်သည်သာလျှင်တည်း၊ ဆိုနိုင်ခက်သည်၏အဖြစ်ကြောင့်ကား ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ဘူးပြီဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ၌ ဆိုနိုင်ခက်သောရဟန်းသည် ထိုအခါဝေဒဗ္ဗပုဏ္ဏားဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါတပည့်ဖြစ်ဘူးပြီ၊ ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။

[ဆိုဆုံးမခက်၊ သူအတွက်၊ သေပျက် တထောင်သာ]

ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝေဒဗ္ဗဇာတ်သည် ပြီး၏။

---

## ၄၉–နက္ခတ္တဇာတ်

### မင်္ဂလာ၏ အန္တရာယ်ကို ပြုသော အကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''နက္ခတ္တံ ပတိမာနေန္တံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ နက္ခတ္တဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်''တယောက်သော အာဇီဝက''ကိုအကြောင်းပြု၍ဟောတော်မူ၏၊ သာဝတ္ထိပြည်၌ တယောက်သောအမျိုးသမီးကို ဇနပုဒ်၌နေသောတယောက်သော အမျိုးသားသည် မိမိ၏သားဘို့ တောင်း၍ ဤမည်သော နေ့ရက်၌ယူအံ့ ဤသို့

သူ၏လည်း မလာသော အဖြစ်ကိုသိ၍ ထိုသူတို့သည် သတ်အပ်သော အဖြစ်သို့ ရောက်ကုန်သောသူတို့သည် ဖြစ်ကုန်လတ္တံ့ဟု ရဲရင့်ကုန်သည်ဖြစ်၍ ပြန်၍ တဖန် ထိုသူတို့သည် အသံပြုကုန်သော်လည်း မပြေးကုန်၊ မြေခွေးကြီးသည် မင်းကြီးသို့ ကပ်၏၊ ကြွင်းကုန်သော မြေခွေးတို့သည် ကြွင်းကုန်သော အမတ်တို့၏ အထံသို့ ကပ်ကုန်၏၊ မဟာသီလဝမင်းသည် ဥပါယ်၌ လိမ္မာ၏၊ ထိုမြေခွေးကြီး၏ မိမိ၏ အထံသို့ လာသောအဖြစ်ကို သိ၍ ကိုက်စိမ့်သောငှါ အခွင့်ပေးသကဲ့သို့ လည်ကို မော့၍ လည်၌ ကိုက်သော ထိုမြေခွေးကြီးကို မေးရိုးဖြင့် ငင်၍ ယန္တရား၌ ထည့်ဘိသကဲ့သို့ မြဲစွာ ကိုင်ညှပ်၏၊ ဆင်ပြောင်အားနှင့် တူသော အားရှိသော မဟာသီလဝမင်းသည် မေးရိုးဖြင့် ငင်၍ လည်၌ မြဲစွာ ကိုင်ညှပ်သည်ရှိသော် မြေခွေးသည် မိမိကိုယ်ကို လွှတ်စိမ့်သောငှါ မတတ်နိုင် ရကား သေဘေးမှ ကြောက်သည်ဖြစ်၍ သည်းစွာသော အသံကို မြည်၏၊ ကြွင်းကုန်သော မြေခွေး တို့သည် ထိုမြေခွေးကြီး၏အသံကိုကြားကုန်၍ တယောက်သောယောကျ်ားသည် ဖမ်းအပ်သည် ဖြစ်လတ္တံ့ဟု အမတ်တို့သို့ ကပ်အံ့သောငှါ မတတ်နိုင်ကုန်ရကား သေဘေးမှ ကြောက်ကုန်သည် ဖြစ်၍ အလုံးစုံကုန်သော မြေခွေး တို့သည် ပြေးကုန်၏။

မဟာသီလဝမင်းသည် မေးရိုးဖြင့် မြဲမြံစွာပြု၍ ဖမ်းအပ်သော မြေခွေးသည် ထိုမှ ဤမှ ရုန်းလတ်သည်ရှိသော် မြေသည် လျော့၏၊ ထိုမြေခွေးသည်လည်း သေဘေးမှ ကြောက်သောကြောင့် ခြေလေးဘက်တို့ဖြင့် မင်း၏အထက်အဘို့၌ မြေကို ယက်၏၊ မင်းသည် မြေ၏ လျော့သော အဖြစ်ကို သိ၍ မြေခွေးကို လွှတ်လိုက်၍ ဆင်ပြောင်အားနှင့်တူသော အားရှိသော အစွမ်းနှင့်ပြည့်စုံသော မဟာသီလဝမင်းသည် ထိုမှ ဤမှ လွန့်လျက် လက်နှစ်ဘက်တို့ကို ချီ၍ တွင်း၀ အနားရေး၌ ထောက်၍ လေကြောင့်ပြတ်သော တိမ်ကဲ့သို့ ထွက်၍ တည်လျက် အမတ်တို့ကို နှစ်သိမ့်စေ၍ မြေကိုယက်၍ အလုံးစုံသောသူတို့ကို ထုတ်ပြီးလျှင် အမတ်အပေါင်းခြံရံလျက် အစိမ်းပစ်ရာ သုသာန်၌တည်၏၊ ထိုအခါ လူတို့သည် တယောက်သော လူသေကို အစိမ်းပစ်ရာ သုသာန်၌ စွန့်ကုန်သည် ရှိသော် နှစ်ယောက် ကုန်သော ဘီလူးတို့၏ နယ်စပ်၌ စွန့်ကုန်၏၊ ထိုဘီလူးတို့သည် ထိုလူသေကို ဝေဘန်အံ့သောငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ ငါတို့သည်

မင်းကြီး၏ ကျေးဇူးတို့ကို သိအပ်ကုန်၏၊ မြတ်သောမင်းကြီး ယခုအခါ၌ အကျွန်ုပ်သည် ဤသို့ သဘောရှိသော သီလနှင့် ပြည့်စုံသော ရှင်မင်းကြီး၌ မပြစ်မှားအံ့ဟု သန်လျက်ကို ယူ၍ ကျိန်ခြင်းကို ပြုပြီးလျှင် မဟာသီလဝ မင်းကြီးကို ကန်တော့၍ မြတ်သောအိပ်ရာ၌ အိပ်စေ၍ မိမိသည် ညောင်စောင်း ငယ်၌ အိပ်၍ ညဉ့်သည်လင်း၍ နေထွက်သော် စည်လည်စေ၍ အလုံးစုံသော စစ်သည်တို့ကိုရင်း အမတ်, ပုဏ္ဏား, သူကြွယ်တို့ကိုရင်း စည်းဝေးစေ၍ ထိုသူတို့ ရှေ့မှ ကောင်းကင်၌ လပြည့်ဝန်းကို ချီသကဲ့သို့ မဟာသီလဝမင်း၏ ကျေးဇူးတို့ ကို ဆိုပြီးလျှင် ပရိသတ်၏ အလယ်၌သာလျှင် တဖန် မဟာသီလဝမင်းကြီးကို ကန်တော့၍ မင်းအဖြစ်ကို ဆောင်နှင်း၍ ယနေ့မှစ၍ အရှင်မင်းကြီးတို့အား ဖြစ်သော ခိုးသူ ဥပဒ္ဒဝေါသည် အကျွန်ုပ်တို့ ဝန်တည်း၊ အရှင်မင်းကြီးတို့သည် အကျွန်ုပ်သည် ယူအပ်သော အစောင့်အရှောက်ရှိသည်ဖြစ်၍ မင်းပြုကုန်လော့၊ ဤသို့ဆို၍ ဂုံးတိုက်ခြင်းကို ပြုသော အမတ်အား အာဏာကိုပြု၍ မိမိဗိုလ်ပါ ဆင် မြင်းကို ယူ၍ မိမိ တိုင်းပြည်သို့သာလျှင် သွား၏၊ မဟာသီလဝမင်းကြီး သည်လည်း တန်ဆာဆင်ခြင်းနှင့် စပ်သည်ဖြစ်၍ ထီးဖြူအောက်၌ သမင်ဆိုး ဆောင်ော် အခြေတပ်သော ရွှေပလ္လင်၌ နေလျက် မိမိစည်းစိမ်သည်ရင်း အမတ် တသောင်အသက်ကို ရခြင်းသည်ရင်း ငါသည် တစုံတခုသော ဝီရိယကို မပြု သည်ရှိသော် မဖြစ်လတ္တံ့၊ ဝီရိယ၏အစွမ်းဖြင့်ကား ငါသည် တိုင်းပြည်ကိုရင်း ဤစည်းစိမ် အခြံအရံကိုရင်း ရအပ်ပြီ၊ အမတ် တထောင်အား အသက်အလှူကို လည်း ပေးရပြီ၊ စင်စစ်ကား အာသာ ပြတ်ခြင်းကို မပြုမူ၍ ဝီရိယကိုသာလျှင် ပြုအပ်၏၊ ထိုစကားသည် မှန်၏၊ ပြုအပ်သော ဝီရိယရှိသော သူအား အကျိုး မည်သည် ပြည့်စုံ၏ဟုကြံလျက် ဥဒါန်းကျူးရင့်သည်၏ အစွမ်းအားဖြင့်—

၅၁၊ အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု။

ဟူသော ဤဂါထာကို ဆို၏။

ပုရိသော၊ ယောကျ်ားသည်။ အာသီသေထေဝ၊ အာသာကို ပြုရာသလျှင် ကတည်း။ ပဏ္ဍိတော၊ ပညာရှိသည်။ န နိဗ္ဗိန္ဒေယျ၊ အာသာကို ပြုခြင်း၌ မငြီးငွေ့ရာ။ ယထာ-ယံ သမ္ပတ္တိံ၊ အကြင် စည်းစိမ်ကို။ ဣစ္ဆိံ၊ အလိုရှိပြီ။

**တထာ.တံ** သမ္ဗုတ္တိ ၊ ထိုစည်းစိမ်သို့။ ပတ္တံ၊ ရောက်သော။ အတ္တာနံ၊ မိမိကိုယ်ကို။ **အဟု** **အဋ္ဌ**၊ ယနေ့။ အဟံ၊ ငါသည်။ ပဿာမိ၊ မြင်ရ၏။ တနည်းကား— **အဋ္ဌ**၊ ယနေ့။ အဟံ၊ ငါသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဿာမိ၊ မြင်ရ၏။ **ယထာ**၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဣစ္ဆိံ၊ အလိုရှိပြီ။ တထာ၊ ထိုသို့သောအခြင်းအရာဖြင့်။ မေ၊ ငါ့အား။ အတ္တော၊ အကျိုးသည်။ အဟု ဖြစ်ပြီ။

ဤသို့လျှင် ဘုရားလောင်းသည် အချင်းတို့ စင်စစ် အံ့ဘွယ်ရှိစွ၊ သီလနှင့် ပြည့်စုံကုန်သော သူတို့အား ဝီရိယ၏ အကျိုး မည်သည်ကား ပြည့်စုံ၏ဟု ဤဂါထာဖြင့် ဥဒါန်းကျူး၍ အသက်ထက်ဆုံး ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏၊ မြတ်စွာဘုရားသည်လည်း ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ လျော့သော ဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် အနုသန္ဓိကို စပ်၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဖြစ်မှားသော အမတ်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ အမတ်တထောင်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မဟာသီလဝမင်း ဖြစ်ဘူးပြီဟု ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

[ဝီရိယရင်း၊ အားကိုသွင်း၊ ဘေးကင်းရန်ကွာ စည်းစိမ်ဖြာ]

ရှေးဦးစွာသော မဟာသီလဝဇာတ်သည် ပြီး၏။

---

## ၅၂—စူဠဇနကဇာတ်

### ဝီရိယကို ကောင်းစွာအားထုတ်အပ်သော အကြောင်း

**ပစ္စုပ္ပန် နှင့် အတိတ်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဝါယမေထေဝ ပုရိသော"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤစူဠဇနကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် "လျော့သောဝီရိယရှိသောရဟန်း" ကိုပင်လျှင် အကြောင်းပြု၍ဟောတော်မူ၏၊ထိုစူဠဇနကဇာတ်၌အကြင်စကားကို

ဆိုအပ်၏၊ အလုံးစုံသောထိုစကားသည်"မဟာဇနကဇာတ်"၌ထင်စွာဖြစ်လတ္တံ့၊ အထူးသဖြင့်ကား စူဠဇနကမင်းသည် ထီးဖြူအောက်၌ နေလျက်—

၅၂၊ ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတံ။

ဟူသော ဤဂါထာကို ဆို၏။

ပုရိသော၊ ယောကျ်ားသည်။ **ဝါယမေထေဝ၊** လုံ့လကို ပြုရာသလျှင်ကတည်း။ ပဏ္ဍိတော၊ပညာရှိသည်။ **န နိဗ္ဗိန္ဒေယျ၊လုံ့လကိုပြုခြင်း၌မငြီးငွေ့ရာ။** ဥဒကာ၊ ရေမှ။ ထလံ၊ ကြည်း၌။ ဥဗ္ဘတံ၊ တည်သော။ **အတ္တာနံ၊ မိမိကိုယ်ကို။** အဟံ၊ ငါသည်။ ပဿာမိ၊ မြင်၏။

ဤ စူဠဇနက ဇာတ်၌လည်း လျော့သော ဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်၏။

**ဇာတ်ပေါင်း**....ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စူဠဇနကမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ဝီရိယ ဝတ၊ ကိ်နာမ၊ ကိစ္စ ဖြာဖြာ ပြီးစီးရာ]

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော စူဠဇနကဇာတ်သည် ပြီး၏။

---

## ၅၃—ပုဏ္ဏပါတိဇာတ်

### သေသောက်ကြူးတို့ လှည့်ဖတ်သည့် အကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "တထေဝ ပုဏ္ဏာပါတိယော" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာ ဆင်အပ်သောဤပုဏ္ဏပါတိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် "အဆိပ်ခတ်သောသေ"ကို အကြောင်းပြု၍ ဟောတော်မူ၏၊ တပါးသောအခါ သာဝတ္ထိပြည်၌ သေသောက်ကြူးတို့သည် စည်းဝေးကုန်၍ ငါတို့အား သေဘိုးသည် ကုန်ပြီ၊ အသို့ပြု၍လျှင် ရအံ့နည်းဟု ဆိုကြကုန်၏၊ ထိုအခါ တယောက်သော ကြမ်းကြုတ်သော သေသောက်ကြူးသည် မကြံကြ

၅၅၊ ယော အလီနေန စိတ္တေန၊ အလီနမနသော နရော။
ဘာဝေတိ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ယော နရော၊ အကြင်ယောကျ်ားသည်။ အလီနေန၊ တွန့်တိုခြင်းမရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ အလီနမနသော၊ ပကတိ အားဖြင့်လည်း မတွန့်တိုသော အလိုရှိသည်ဖြစ်၍။ ယောဂက္ခေမဿ၊ ယောဂတို့ဖြင့် ဘေးမရှိသော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ကုသလံ၊ အပြစ်မရှိသော။ ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါး အပြားရှိသော ဗောဓိပက္ခိယတရားကို။ ဘာဝေတိ၊ ပွားစေ၏။ သော နရော၊ ထိုယောကျ်ားသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်၏ အဆုံး၌ ဖြစ်သည်၏အဖြစ်ကြောင့် သဗ္ဗသံယောဇနက္ခယဟု ရေတွက်အပ်သော အဖြစ်သို့ ရောက်သော အရဟတ္တဖိုလ်သို့။ ပါပုဏေ၊ ရောက်၏။

ဤသို့ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ဖြင့် ဒေသနာတော်၏ အထွဋ်ကို ယူ၍ အဆုံး၌ လေးပါးသော သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျော့သော ဝီရိယရှိသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် အနုသန္ဓေကိုစပ်၍ ယခုအခါ အင်္ဂုလိမာလသည် ထိုအခါ ဘီလူး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပဉ္စာဝုဓမင်းသား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

[ထိုက်သည့်ကာလ၊ ဝီရိယ၊ မုချပြုကာ ထိးစည်ဌာ]
ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဉ္စာဝုဓဇာတ်သည် ပြီး၏။

---

## ၅၆—ကဥ္စနက္ခန္ဓဇာတ်

### များသောဝန်ကို ဆောင်၍ ပေါ်အောင်ဆောင်သောအကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယော ပဟဋ္ဌေန စိတ္တေန" အစရှိသော ဂါထာပုဒ်

ပေါ့သကဲ့သို့ ဖြစ်၏၊ ဘုရားလောင်းသည် ထိုရွှေတုံးကို ဆောင်ပြီးလျှင် လေးစုဝေဘန်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအား လျော်စွာ လား၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍—

၅၆၊ ယော ပဟာဋ္ဌေန စိတ္တေန၊ ပဟဋ္ဌမနသော နရော။
ဘာဝေတိ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ယော နရော၊ အကြင်သူသည်။ ပဟဋ္ဌေန၊ နီဝရဏ ကင်းသဖြင့် ရွှင်လန်းသော။ စိတ္တေန၊ စိတ်ဖြင့်။ ပဟဋ္ဌမနသော၊ ရွှင်လန်းသော နှလုံးရှိသည်ဖြစ်၍။ ယောဂက္ခေမဿ၊ ယောဂလေးပါးတို့ဖြင့် ဘေးမရှိသော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ကုသလံ၊ အပြစ်မရှိသော။ ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါး အပြားရှိသော ဗောဓိပက္ခိယ တရားကို။ ဘာဝေတိ၊ ပွားစေ၏။ သော နရော၊ ထိုသူသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်၏ အဆုံး၌ ဖြစ်ခြင်းကြောင့် သဗ္ဗသံယောဇနက္ခယဟူသော ရေတွက်ခြင်းသို့ ရောက်သော အရဟတ္တဖိုလ်သို့။ ပါပုဏေ၊ ရောက်၏။

**ဇာတ်ပေါင်း**....ဤသို့ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ကို အထွတ်ပြုသဖြင့် ဒေသနာကို ပြီးစေ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရွှေတုံးကို ရသောယောကျ်ား ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

[လေးသည့်ဝန်တာ၊ ပေါ့စိမ့်ငှါ၊ စိတ်ဖြာဝေခွဲ ဉာဏ်နှင့်တွဲ]

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကဉ္စနက္ခန္ဓဇာတ်သည် ပြီး၏။

---

## ၅၇—ဝါနရိန္ဒဇာတ်

### ရန်သူအောင်မှု ကြောင်းလေးခု အကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယဿေတေစတုရောဓမ္မာ" အစရှိသော ဂါထာပုဒ်

ဆောင်အံ့ဟု သားကို ခေါ်၍ ဗာရာဏသီမြို့သို့ သွားပြီးလျှင် စည်တီး၍ များစွာသော ဥစ္စာကို ရ၍ ထိုဘုရားလောင်းသည် ရသော ဥစ္စာကိုယူ၍ မိမိရွာသို့သွားသည်ရှိသော် ခိုးသူတို့နေသော တောသို့ရောက်၍ မပြတ်စည်တီးသော သားကို အမောင် မပြတ်မတီးမူ၍ ခရီးသွားသော မင်း၏စည်ကဲ့သို့ ရံခါ ရံခါ တီးလောဟု သားကို မြစ်၏၊ ထိုသားသည် အဘ မြစ်ငြားသော်လည်း စည်တီးသဖြင့်သာလျှင် ခိုးသူတို့ကို ပြေးစေအံ့ဟု ဆို၍ မပြတ်သာလျှင် တီး၏၊ ခိုးသူတို့သည် ရှေးဦးစွာလျှင် စည်သံကို ကြား၍ မင်း၏ စည်သံသည် ဖြစ်လတ္တံ့ဟု ပြေးပြီးမှ အလွန်လျှင် တစပ်တည်းသော စည်သံကို ကြား၍ ဤစည်သည် မင်း၏ စည်သည် မဖြစ်လတ္တံ့ဟု လာလတ်ကုန်၍ စုံစမ်းသည်ရှိသော် နှစ်ယောက်ကုန်သော သူတို့ကိုလျှင် မြင်၍ ပုတ်ခတ် လုယက်ကုန်၏၊ ဘုရားလောင်းသည် စင်စစ် ငါတို့သည် ငြိုငြင်သဖြင့် ရအပ်သော ဥစ္စာကို တစပ်တည်းသော အသံကို ပြု၍ တီးလျက် ဖျက်ဆီး၏ဟု ဆိုလို၍—

၅၉၊ ဓမေ ဓမေ နာတိဓမေ၊ အတိဓန္တံ ဟိ ပါပကံ။
ဓန္တေန ဟိ သတံ လဒ္ဓံ၊ အတိဓန္တေန နာသိတံ။

ဟူသော ဤဂါထာကို ဆို၏။

ဓမေ ဓမေ၊ ရံခါ ရံခါမှသာ တီးရာသလျှင် ကတည်း။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ အတိဓန္တံ၊ မပြတ်တီးခြင်းသည်။ ပါပကံ၊ ယုတ်မာ၏။ တသ္မာ၊ ထို့ကြောင့်။ နာတိဓမေ၊ မပြတ်မတီးရာ။ ဟိ-သစ္စံ၊ မှန်၏။ ဓန္တေန၊ ပွဲသဘင် အလယ်၌ စည်တီးသဖြင့်။ လဒ္ဓံ၊ ရအပ်သော။ သတံ၊ တရာသော အသပြာကို။ အတိဓန္တေန၊ မပြတ်တီးသဖြင့်။ နာသိတံ၊ ဖျက်ဆီးအပ်၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်၍ ယခုအခါ ဆိုနိုင်ခက်သော ရဟန်းသည် ထိုအခါ သားဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အဘ ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

[ဥစ္စာရှာလျက်၊ ဆိုနိုင်ခက်၊ ယွင်းပျက် ဆုံးပါးရာ]

**ကိုးခုတို၏ပြည့်ကြောင်းဖြစ်သော ဘေရိဝါဒကဇာတ်သည် ပြီး၏။**

တိုက်ရိုင်း ဖြစ်စေ၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားရသည် ဖြစ်ကုန်၏၊ မြတ်စွာဘုရားသည် ဤနှစ်ပါးကုန်သောဝတ္ထုတို့ကိုဟောတော်မူ၍ အနုသန္ဓေကို စပ်၍ ဘုရားဖြစ်တော်မူပြီး၍—

၆၃၊ ကောဓနာ အကတညူ စ၊ ပိသုဏာ မိတ္တဘေဒိကာ[၁]။
ဗြဟ္မစရိယံ စရ ဘိက္ခု၊ သော သုခံ န ဝိဟာဟိသိ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဘိက္ခု၊ ရဟန်း။ ဇူတ္တိယော နာမ၊ မိန်းမတို့မည်သည်ကား။ ကောဓနာ စ၊ အမျက်လည်း ထွက်တတ်ကုန်၏၊ အကတညူ စ၊ သူ့ကျေးဇူးကိုလည်း မသိ တတ်ကုန်။ ပိသုဏာ စ၊ ချောပစ်ခြင်းကိုလည်း ပြုတတ်ကုန်၏။မိတ္တဘေဒိကာစ၊ အဆွေခင်ပွန်းတို့ကိုလည်း ဖျက်ဆီးတတ်ကုန်၏။ တွံ၊ သင်သည်။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လော့။ သော တွံ၊ ထိုသင်သည်။ သုခံ၊ ဈာန် ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို။ န ဝိဟာဟိသိ၊ မစွန့်ရလတ္တံ့။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာ တို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော် မူသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည်လည်း ယခုအခါ အာနန္ဒာသည် ထိုအခါ ခိုးသူကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ တက္က ပဏ္ဍိတ ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ကျေးဇူးကိုပစ်၊ ခင်ပွန်းစစ်၊ စွန့်လစ် ဇူတ္တိယ]

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော တက္ကပဏ္ဍိတဇာတ်သည် ပြီး၏။

---

## ၆၄—ဒုရာဇာနဇာတ်

### မိန်းမတို့၏ အလိုကို မသိနိုင်သော အကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မာ သု နန္ဒိ ဣစ္ဆတိမံ"အစရှိသော ဂါထာပုဒ်ဖြင့်

၁၊ ပိသုဏာ စ ဝိဘေဒိကာ (သီ၊ သျာ၊ ဣ)

မင်း၏ ဥယျာဉ်၌နေ၍ နက်ဖြန်နေ့၌ ပြုအပ်ပြီးသော ကိုယ်လက် သုတ်သင်ခြင်းရှိသည်ဖြစ်၍ နီသော လျှော်တေဖြင့် ပြီးသော အဝတ်အရုံကို ပြုပြင်၍ သစ်နက်ရေကို ပခုံးတဖက်၌ ဧမွယ်တင်၍ ဆံကျစ်ဝန်းကိုဖွဲ့၍ ဆွမ်းခံသပိတ်ကို ယူ၍ ဗာရာဏသီမြို့သို့ ဆွမ်းအလို့ငှါ ဝင်သည်ရှိသော် မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည် ထိုရသေ့၏ ဣရိယာပုထ်၌ ကြည်ညို၍ ပင့်စေပြီးလျှင် မြတ်သော သူတို့အားသာလျှင်ထိုက်သော နေရာ၌ နေစေ၍ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် ရောင့်ရဲစေ၍ ဆွမ်း အနုမောဒနာကို ပြုပြီးလျှင် ဥယျာဉ်၌ နေစိမ့်သောငှါ တောင်းပန်၏၊ ထိုရသေ့သည် ဝန်ခံ၍ မင်းအိမ်၌ ဆွမ်းစား၍ မင်းမျိုးကို ဆုံးမလျက် ထိုဥယျာဉ်၌ တဆယ့်ခြောက်နှစ်ပတ်လုံး နေ၏။

ထိုအခါ တနေ့သ၌ မင်းသည် ပုန်ကန်သော ပစ္စန္တရစ်ကို ငြိမ်းစိမ့်သောငှါ သွားသည်ရှိသော် မုဒုလက္ခဏာမည်သော မိဖုယားကြီးကို အရှင်မြတ်အား လုပ်ကျွေးခြင်းကို မမေ့မလျော့ ပြုလောဟုဆို၍ သွားလေ၏၊ ဘုရားလောင်းသည် မင်းကြီး သွားသောအခါမှစ၍ မိမိသည် နှစ်သက်သောအခါ၌ မင်းအိမ်သို့ သွား၏၊ ထိုအခါ တနေ့သ၌ မုဒုလက္ခဏာ မိဖုယားကြီးသည် ဘုရားလောင်းတို့အာဟာရကို ပြည့်စုံစေ၍ ယနေ့ အရှင်မြတ်သည် ကြာမြင့်၏ဟု နံ့သာရေဖြင့်ချိုးပြီးလျှင် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် မြတ်သော အပြင်၌ အိပ်ရာငယ်ကို ခင်းစေ၍ ဘုရားလောင်း၏ လာခြင်းကိုမြော်လျက် အိပ်နေ၏၊ ဘုရားလောင်းသည်လည်း မိမိ၏အခါကိုမှတ်၍ စျာန်မှထပြီးလျှင် ကောင်းကင်ခရီးဖြင့်သာလျှင် မင်းအိမ်သို့ သွား၏၊ မုဒုလက္ခဏာ မိဖုယားကြီးသည် လျှော်တေ သက်န်းသံကို ကြား၍သာလျှင် အရှင်မြတ်လာပြီဟု လျင်စွာထ၏၊ လျင်မြန်သဖြင့် ထသော မိဖုယား၏ ပြေပြစ်သော အဝတ်သည် လျှောကျ၏၊ ရသေ့သည် ခြသေ့ခံသော လေသာပြူတင်းဖြင့် ဝင်သည်ရှိသော် မိဖုယား၏ ဝိသဘာဂအာရုံကိုမြင်၍ ဣန္ဒြေတို့ကိုဖျက်၍ တင့်တယ်၏ဟု နှလုံးသွင်းသည်၏ အစွမ်းဖြင့် ကြည့်၏။

ထိုအခါ ဘုရားလောင်း၏ ကိုယ်တွင်း၌ ကိလေသာသည် လှုပ်၏၊ ပဲကွပ်ဖြင့် ခတ်အပ်သော အစေးရှိသော သစ်ပင်ကဲ့သို့ ဖြစ်၏၊ ထိုခဏ၌ပင်လျှင် ရသေ့၏ စျာန်သည် ကွယ်၏၊ အတောင်ပြတ်သော ကျီးကဲ့သို့ ဖြစ်၏၊ ထိုရသေ့သည်

မဟာရာဇ၊ မြတ်သောမင်းကြီး။ မုဒုလက္ခဏ၊ မုဒုလက္ခဏာကို။ အလဒ္ဓါ၊ မရမီ။ ပုဗ္ဗေ၊ ရှေးကာလ၌။ ဧကော၊ တပါးသော။ ဣစ္ဆာ၊ မုဒုလက္ခဏာကို တောင့်တခြင်း တဏှာသည်။ အာသိ၊ ဖြစ်၏။ ယတော၊ အကြင်အခါ၌။ အဠ္ဌာရက္ခိ၊ ကျယ်သော တင့်တယ်သော မျက်စိရှိသော မုဒုလက္ခဏာကို။လဒ္ဓါ၊ ရအပ်ပြီ။ အထ၊ ထိုအခါ၌။ သာ၊ ထိုမုဒုလက္ခဏာသည်။ ဣစ္ဆာ ဣစ္ဆံ၊ ငယ် ငယ် ကြီးကြီး ဖြစ်သော တဏှာကို။ ဝိဇာယထ၊ ဖြစ်စေ၏။

ထိုဓာန်၌လျှင် ကွယ်သောစျာန်ကို ဖြစ်စေ၍ ကောင်းကင်၌နေလျက် တရား ဟော၍ မင်းအားလည်း အဆုံးအမကို ပေးပြီးလျှင် ကောင်းကင်ဖြင့်သာလျှင် ဟိမဝန္တာသို့ သွား၍ တဖန် လူ့ပြည်သို့ မလာပြီ၊ ထိုဟိမဝန္တာ၌သာလျှင် ဗြဟ္မဝိဟာရတို့ကို ပွားစေလျက် မယုတ်သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သာသနာတော်၌ မမွေ့ လျော်သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရား သည် အနုသန္ဓေကိုစပ်၍ ယခုအခါ အာ နန္ဒာသည် ထိုအခါ မင်းဖြစ်ဘူးပြီ၊ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ မုဒုလက္ခ ဏာမိဖုံယား ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ ဖြစ်ဘူး ပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ဝိသဘာဂ၊ အာရုံရ၊ ဒသကိလေ ဆင်းရဲဖွေ]

ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော မုဒုလက္ခဏဇာတ်သည် ပြီး၏။

---

## ၆၇—ဥစ္ဆင်္ဂဇာတ်

### ပညာရှိသော မိန်းမတယောက်ကြောင့် သုံးယောက်သောသူတို့သည် အပြစ်ဘေးမှ လွတ်သောအကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့် တကွသော လောကကို သုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဥစ္ဆင်္ဂေ ဒေဝ မေ ပုတ္တော" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ဥစ္ဆင်္ဂ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌

အနူဒကာ၊ ရေမရှိသော။ နဒီ၊ မြစ်သည်။ နဂ္ဂါ၊ အချည်းနှီးသာ ဖြစ်၏။ အရာဇိကာ၊ မင်းမရှိသော။ ရဋ္ဌံ၊ တိုင်းနိုင်ငံသည်။ နဂ္ဂံ၊ အချည်းနှီးသာလျှင် ဖြစ်၏။ ယဿာ၊ အကြင်မိန်းမအား။ ဒသ ဘာတရော၊ တကျိပ်သော မောင်တို့သည်။ သန္တိ၊ ရှိကုန်ငြားအံ့။ တထာပိ၊ ထိုသို့ ရှိငြားသော်လည်း။ ဝိဓဝါ၊ လင်မှကင်းသော။ ဣတ္ထီပိ၊ မိန်းမသည်လည်း။ နဂ္ဂါ၊ အချည်းနှီးသာဖြစ်၏။

မင်းသည် ထိုမိန်းမအား ကြည်ညိုသည် ဖြစ်၍ ဤသုံးယောက်သော သူတို့သည် သင့်အား အဘယ်သို့ တော်ကုန်သနည်းဟု မေး၏၊ အရှင်မင်းကြီး တယောက်သည် အကျွန်ုပ် လင်တည်း၊ တယောက်သည် မောင်, တယောက်သည် သားတည်းဟု လျှောက်၏၊ မင်းကြီးသည် ငါသည် သင့်အား နှစ်သက်၏၊ ဤ သုံးယောက်ကုန်သော သူတို့တွင် တယောက်သော သူကို သင့်အား ပေးအံ့၊ အဘယ်သူကို အလိုရှိသနည်းဟု မေး၏၊ ထိုမိန်းမသည် အရှင်မင်းကြီး အကျွန်ုပ်သည် အသက်ရှင်သည်ရှိသော် တယောက်သောလင်ကို ရပါလတ္တံ့၊သားကိုသည်း ရပါလတ္တံ့၊ အကျွန်ုပ်၏အမိအဘတို့ကား သေသည်၏ အဖြစ်ကြောင့် မောင်ကိုသာလျှင်ရခဲ၏၊အရှင်မင်းကြီး အကျွန်ုပ်အား မောင်ကို ပေးပါလောဟုလျှောက်၏၊ မင်းကြီးသည် နှစ်သက်၍ သုံးယောက်ကုန်သော သူတို့ကိုလည်း လွှတ်၏၊ ဤသို့လျှင် တယောက်တည်းသော မိန်းမကို မှီ၍ သုံးယောက်ကုန်သော သူတို့သည် ဆင်းရဲမှ လွတ်ကုန်၏၊ ထိုအကြောင်းသည် ရဟန်းသံဃာအား ထင်ရှားသည် ဖြစ်၏။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့သျှင်တို့ တယောက်တည်းသော မိန်းမကို မှီ၍ သုံးယောက်ကုန်သော သူတို့သည် ဆင်းရဲမှ လွတ်ကုန်၏ဟု ထိုမိန်းမ၏ ကျေးဇူးစကားဖြင့် ပြော၍ နေကြကုန်၏၊ မြတ်စွာဘုရားသည်ကြွလာတော်မူ၍ ရဟန်းတို့ ယခု ငါလာတော်မူသောအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဤမိန်းမသည် ယခုအခါ၌သာလျှင် ထိုသုံးယောက်သော သူတို့ကို ဆင်းရဲမှ လွတ်စေသည် မဟုတ်သေး၊ ရှေး၌လည်း လွတ်စေဘူးသည်သာလျှင် တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အဒိဋ္ဌပုဗ္ဗကော၊ ဤဘဝ၌ ရှေးက မမြင်ဘူးသော။ ယသ္မိံ ပေါသေ၊ အကြင် ပုဂ္ဂိုလ်၌။ မနော၊ စိတ်သည်။ နိဝိသတိ၊ တည်၏။ စိတ္တံ၊ စိတ်သည်။ ပသီဒတံ စာပိ၊ ကြည်လည်း ကြည်ညို၏။ တသ္မိံ ပေါသေ၊ ထိုပုဂ္ဂိုလ်၌လည်း။ ကာမံ၊ စင်စစ်။ အနုဘူတပုဗ္ဗ သိနေဟောနေဝ၊ ရှေး၌ဖြစ်သော ချစ်ခြင်းဖြင့်သာလျှင်။ ဝိဿသေ၊ အကျွမ်းဝင်၏။

**ဇာတ်ပေါင်း**....ဤသို့လျှင် မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ပုဏ္ဏားသည်ငှင်း၊ ပုဏ္ဏားမသည် ငှင်း ထိုအခါ ထိုသူနှစ်ယောက်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ သားဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ပုဏ္ဏားမောင်နှံ၊ သူတို့ထံ၊ ဖန်ဖန် ကြီးခဲ့သည်]

ရှစ်ခုတို့၏ ပြည့်စေကြောင်းဖြစ်သော သာကေတဇာတ်သည် ပြီး၏။

---

## ၆၉—ဝိသဝန္တဇာတ်

### တကြိမ်စွန့်ပြီးသော ဝတ္ထုကို အသက်သေအံ့သည်ဖြစ်သော်လည်း တဖန်မယူသော အကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဓိရတ္ထု တံ ဝိသံ ဝန္တံ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဝိသဝန္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် "ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာမထေရ်" ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အရှင်သာရိပုတ္တရာ မထေရ်သည် မုံ့ခဲဘွယ် ကို ဘုဉ်းပေးတော်မူသော ကာလ၌ လူတို့သည် သံဃာတို့ များစွာသောမုံ့ခဲဘွယ် ကို ယူခဲ့ကုန်၍ ကျောင်းသို့ လာကုန်၏၊ သံဃာသည် ယူပြီးသော မုံ့ကြွင်းသည် အကြွင်းများ၏၊ လူတို့သည် အရှင်ဘုရားတို့ ရွာတွင်း၌ရှိသော ရဟန်းတို့ဘို့ ယူပါကုန်လောဟု လျှောက်ကုန်၏၊ ထိုခဏ၌ အရှင်သာရိပုတ္တရာ၏ အတူနေ တပည့်ဖြစ်သော ပဉ္စင်းငယ်သည် ရွာတွင်း၌ နေသည်ဖြစ်၏၊ ထိုပဉ္စင်းငယ်၏ အစုကိုယူ၍ ထိုပဉ္စင်းငယ်မလာမီ အလွန်နေမြင့်သည်ဖြစ်၏ဟု အရှင်သာရိပုတ္တရာ

ရတနာ၁တံတိုင်းဖြင့် ခြံရံအပ်သော မြို့ကြီးဖြစ်ဘူးပြီဟု မိန့်တော်မူ၍ အရှင်အာနန္ဒာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူလိုရကား မဟာသုဒဿနသုတ်ကို ဟောတော်မူ၏။

ထိုမဟာသုဒဿန စကြာမင်းဖြစ်သော အခါ၌ကား မဟာသုဒဿန စကြာမင်းသည် သုဓမ္မမည်သော ပြာသာဒ်ထက်မှ သက်လတ်၍ အနီး၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော ထန်းတော၌ ခင်းအပ်သော ညောင်စောင်း၌ လက်ျာနံပါးဖြင့် မထသော အိပ်ခြင်းဖြင့် အိပ်သော မဟာသုဒဿန စကြာမင်းကို မြင်၍ အရှင်မင်းကြီး ကုသဝတီ ရာဇဌာနီ အမှူးရှိကုန်သော ရှစ်သောင်းလေးထောင်ကုန်သော မြို့တို့သည် အရှင်မင်းကြီး၏ ဥစ္စာတို့တည်း၊ ရှစ်သောင်းလေးထောင်သော မြို့တို့၌ ချစ်ခြင်းကို ပြုတော်မူပါလောဟု သုဘဒ္ဒါမိဖုယားကြီးသည် နားတော်လျှောက်သည်ရှိသော် မဟာသုဒဿန စကြာမင်းသည် ရှင်မိဖုယား ဤသို့မဆိုလင့်၊စင်စစ်သဖြင့်ကား ရှစ်သောင်းလေးထောင်သောမြို့တို့၌ ချစ်ခြင်းကို ဖျောက်လော၊ ငဲ့ကွက်ခြင်းကို မပြုလင့်၊ ဤသို့ ငါ့ကို ဆုံးမလောဟု ဆို၏၊ အရှင်မင်းကြီး အဘယ့်ကြောင့် ဆုံးမရအံ့နည်းဟု မေးအပ်သော် မဟာသုဒဿနစကြာမင်းသည် ရှင်မိဖုယား ယနေ့ ငါသည် စုတေခြင်းကို ပြုအံ့ဟု ဆို၏။

ထိုအခါ သုဘဒ္ဒါမိဖုယားသည် မျက်ရည်ကို သုတ်၍ ငြိုငြင်သဖြင့် ပင်ပန်းသဖြင့် မင်းကြီးဆိုတိုင်း ဆို၍ သည်းစွာ ငို၏၊ ကြွင်းကုန်သော ရှစ်သောင်းလေးထောင်ကုန်သော မင်းမိန်းမတို့သည်လည်း ငိုကုန်၏၊အမတ်အစရှိကုန်သော သူတို့တွင် တယောက်သော သူသည်မျှလည်း သည်းခံခြင်းငှါ မတတ်နိုင်၊ အလုံးစုံသော သူတို့သည် ငိုကုန်၏၊ ဘုရားလောင်း မဟာသုဒဿန စကြာမင်းသည် အချင်းတို့ မသင့်၊ ငိုကြွေးသံကို မပြုလင့်ဟု အလုံးစုံသော သူတို့ကို မြစ်ပြီးလျှင် မိဖုယားကြီးကိုခေါ်၍ ရှင်မိဖုယားကြီး ရှင်မိဖုယားသည် သည်းစွာ မငိုလင့်၊ ထိုစကားသည် မှန်၏၊ နှမ်းစေ့အတိုင်းအရှည်ရှိသော သင်္ခါရသည်လည်း မြဲသည် မည်သည် မရှိ၊ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် ပျက်စီးတတ်သော သဘောရှိသည် ဖြစ်ကုန်၏ဟု ဆို၍ မိဖုယားကြီးကို ဆုံးမလိုရကား—

၉၅၊ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော၊
ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဟူသော ဤဂါထာကို ဆို၏။

ဒေဝိ၊ မိဖုယား။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝတ၊စင်စစ်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဥပ္ပါဒ ဝယ ဓမ္မိနော၊ဖြစ်တတ်ပျက်တတ်သော သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ၏။

ဤသို့လျှင် မဟာသုဒဿန စကြာမင်းသည် မြတ်သော အမြိုက်နိဗ္ဗာန်ဖြင့် ဒေသနာ အထွတ်ကိုယူ၍ ကြွင်းသော လူများအားလည်း သင်တို့သည် အလှူ ပေးကုန်လော၊ သီလ ဆောက်တည်ကုန်လော၊ ဥပုသ်သုံးခြင်း အမှုကို ပြုကုန် လောဟု အဆုံးအမကိုပေး၍ နတ်ပြည်သို့ လားသည်ဖြစ်၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရာဟုလာ မယ်တော်သည် ထိုအခါ သုဘဒ္ဒါမိဖုယား ဖြစ်ဘူးပြီ၊ ယခု အခါ ရာဟုလာသည် ထိုအခါ သားကြီးရတနာ ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ကြွင်းသော ပရိသတ်တို့သည် ဖြစ်ဘူးကုန်ပြီ၊ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာသုဒဿန စကြာမင်း ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ပြုပြင်သမျှ၊ သင်္ခါရကား၊ ဖြစ်ကပျက်မည်၊ နိဗ္ဗာန်ပြည်၊ လီလီချမ်းသာကြောင်း]

ငါးခုတို၏ ပြည့်ကြောင်းဖြစ်သော မဟာသုဒဿနဇာတ်သည် ပြီး၏။

---

## ၉၆–တေလပတ္တ ဇာတ်

### ကာမဂုဏ်ဖြင့် ဖြားယောင်းသည်ကို မလိုက်စားသောကြောင့် ချမ်းသာကြီးစွာ ရဘူးကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သမတိတ္တိကံ အနဝသေသကံ" အစရှိသော ဂါထာ

မပျက်စေမှု၍ တရားသဖြင့် မင်းပြုလျက် ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီးလျှင်—

၉၆၊ သမတိတ္တိကံ အနဝသေသကံ၊ တေလပတ္တံ ယထာ ပရိဟရေယျ။
ဧဝံ သစိတ္တ မနုရက္ခေ၊ ပတ္ထယာနော ဒိသံ အဂတပုဗ္ဗံ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အနဝသေသကံ၊ တဖန် မလောင်းအပ်သည်ကို ပြု၍။ သမတိတ္တိကံ၊ အတွင်းအနားရစ်နှင့်အမျှ ဆီပြည့်သော။ တေလပတ္တံ၊ ဆီခွက်ကို။ ပုရိသော၊ ယောကျ်ားသည်။ ပရိဟရေယျ ယထာ၊ ဆောင်ရာသကဲ့သို့။ ဧဝံ-တထာ၊ ထိုအတူ။ အဂတပုဗ္ဗံ၊ အစမထင် သံသရာ၌ မရောက်ဘူးသော။ ဒိသံ၊ နိဗ္ဗာန်ကို။ ပတ္ထယာနော-ပတ္ထေန္တော၊ တောင့်တသော ရဟန်းသည်။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခေ၊ စောင့်ရာ၏။

**ဇာတ်ပေါင်း**....ဤသို့လျှင် မြတ်စွာဘုရားသည် နိဗ္ဗာန်ဖြင့် ဒေသနာအထွတ်ကိုတင်၍ ဟောတော်မူ၍ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ တက္ကသိုလ်မင်း ပရိသတ်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းအဖြစ်သို့ ရောက်သော မင်းသားဖြစ်ဘူးပြီ၊ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ငါးမြားအာရုံ၊ သတိထုံ၊ ပြည်ဘုံထီးစည်ရောက်]

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော တေလပတ္တဇာတ်သည် ပြီး၏။

---

## ၉၇—နာမသိဒ္ဓိဇာတ်

### အမည်ဟောင်းကို မနှစ်သက်သောကြောင့် အမည်သစ်ပြောင်းလိုသောသူ၏ အကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဇီဝကဥ္စ မတံ ဒိသွာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ နာမသိဒ္ဓိ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌

မပျက်စေမူ၍ တရားသဖြင့် မင်းပြုလျက် ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏၊ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီးလျှင်—

၉၆၊ သမတိတ္တိကံ အနဝသေသကံ၊ တေလပတ္တံ ယထာ ပရိဟရေယျ။
ဧဝံ သစိတ္တ မနုရက္ခေ၊ ပတ္ထယာနော ဒိသံ အဂတပုဗ္ဗံ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အနဝသေသကံ၊ တဖန် မလောင်းအပ်သည်ကို ပြု၍။ သမတိတ္တိကံ၊ အတွင်းအနားရစ်နှင့်အမျှ ဆီပြည့်သော။ တေလပတ္တံ၊ ဆီခွက်ကို။ ပုရိသော၊ ယောကျ်ားသည်။ ပရိဟရေယျ ယထာ၊ ဆောင်ရာသကဲ့သို့။ ဧဝံ-တထာ၊ ထိုအတူ။ အဂတပုဗ္ဗံ၊ အစမထင် သံသရာ၌ မရောက်ဘူးသော။ ဒိသံ၊ နိဗ္ဗာန်ကို။ ပတ္ထယာနော-ပတ္ထေန္တော၊ တောင့်တသော ရဟန်းသည်။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခေ၊ စောင့်ရာ၏။

**ဇာတ်ပေါင်း**....ဤသို့လျှင် မြတ်စွာဘုရားသည် နိဗ္ဗာန်ဖြင့် ဒေသနာ အထွတ်ကိုတင်၍ ဟောတော်မူ၍ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ တက္ကသိုလ်မင်း ပရိသတ်တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းအဖြစ်သို့ ရောက်သော မင်းသားဖြစ်ဘူးပြီ၊ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ငါးမြှာအာရုံ၊ သတိထုံ၊ ပြည်ဘုံထီးစည်ရောက်]

ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော တေလပတ္တဇာတ်သည် ပြီး၏။

---

## ၉၇—နာမသိဒ္ဓိဇာတ်

### အမည်ဟောင်းကို မနှစ်သက်သောကြောင့် အမည်သစ် ပြောင်းလိုသောသူ၏ အကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဇီဝကဉ္စ မတံ ဒိသွာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ နာမသိဒ္ဓိ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌

ရှိသော် ငါ၏အမည်သည် မင်္ဂလာမရှိ၊ တပါးသောအမည်ကို မှည့်စေအံ့ဟုကြံ၍ ဆရာသို့ကပ်၍ ဆရာ အကျွန်ုပ်၏အမည်သည် မင်္ဂလာမရှိ၊ တပါးသောအမည်ကို မှည့်ပါကုန်လောဟု ဆို၏၊ ထိုအခါ ထိုလုလင်ကို ဆရာသည် အမောင်သွားချေ၊ ဇနပုဒ်သို့ လှည့်လည်၍ အမောင် နှစ်သက်သော တခုသော မင်္ဂလာရှိသော အမည်ကိုယူ၍ လာခဲ့လော့၊ လာခဲ့သော သင်၏အမည်ကိုဖျောက်၍ တပါးသော အမည်ကို မှည့်အံ့ဟု ဆို၏၊ ထိုလုလင်သည် ကောင်းပြီဟု ဝန်ခံ၍ ရိက္ခာကိုယူ၍ ထွက်လျက် တရွာမှသည် တရွာသို့ သွားသည်ရှိသော် တခုသော မြို့သို့ရောက်၏။

ထိုမြို့၌ သေက်ရှည်အမည်ရှိသောတယောက်သောယောကျ်ားသည် သေ၏၊ ထိုလုလင်သည် ဆွေမျိုးအပေါင်းသည် သုသာန်သို့ ဆောင်သော ထိုသူသေကို မြင်၍ ဤသေသော ယောကျ်ားသည် အဘယ် အမည်ရှိသနည်းဟု မေး၏၊ လုလင် သေက်ရှည် အမည်ရှိ၏ဟု ဆို၏၊ သေက်ရှည် အမည်ရှိသော သူသည် လည်း သေသေးသလောဟု ဆို၏၊ သေက်ရှည်အမည်ရှိသော သူသည်ရင်း, သေက်ရှည် အမည်မှ တပါးသော အမည်ရှိသော သူသည်ရင်း သေသည်သာ လျှင်တည်း၊ အမည်သည်ကား ပညတ်မျှသာတည်း၊ သင်သည်ကား မိုက်ယောင် တကားဟု ဆိုကုန်၏၊ ထိုလုလင်သည် ထိုစကားကိုကြား၍ အမည်၌ လျစ်လျူ ရှု၍ မြို့တွင်းသို့ ဝင်၏။

ထိုအခါ တယောက်သော အခကို မပေးနိုင်သော ကျွန်မကို အရှင်တို့သည် တံခါး၌နေစေ၍ ကြိုးဖြင့်ဖွဲ့၍ ပုတ်ခတ်ကုန်၏၊ ထိုကျွန်မ အမည်သည်လည်း သူဌေးမတည်း၊ ထိုလုလင်သည် ထိုခရီးဖြင့် သွားသည်ရှိသော် ပုတ်ခတ်သော ထိုကျွန်မကိုမြင်၍ အဘယ့်ကြောင့် ဤမိန်းမကို ပုတ်ခတ်သနည်းဟု မေး၏၊ အခကို မပေးနိုင်သောကြောင့် ပုတ်ခတ်သည်ဟု ဆိုကုန်၏၊ ထိုမိန်းမ၏ အမည် သည် အဘယ် အမည်ရှိသနည်းဟု မေး၏၊ သူဌေးမတည်းဟု ဆိုကုန်၏၊ သူဌေးမ အမည်ရှိသည် ဖြစ်လျက်လည်း အခမျှကို မပေးနိုင်သေးသလောဟု ဆို၏၊ သူဌေးမ အမည်ရှိသော မိန်းမသည်ရင်း သူဌေးမ အမည်မှ တပါးသော အမည်ရှိသော မိန်းမတို့သည်ရင်း ဆင်းရဲခြင်းသည် ဖြစ်ကုန်၏၊ အမည်သည်ကား ပညတ်မျှသာတည်း၊ သင်သည် မိုက်ယောင်တကားဟု ဆိုကုန်၏၊ ထိုလုလင် သည်လည်း အမည်၌ အထူးသဖြင့် လျစ်လျူရှုသည် ဖြစ်၍ မြို့မှထွက်ခဲ့၍

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် ဤမဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် အမည်ဖြင့် ပြီးခြင်းကို အလို ရှိသည်မဟုတ်သေး၊ ရှေး၌လည်း အမည်ဖြင့် ပြီးခြင်းကို အလိုရှိဘူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ယခုအခါ အမည်ဖြင့်ပြီးခြင်းကို အလိုရှိသော ရဟန်းသည် ထိုအခါ အမည်ဖြင့် ပြီးခြင်းကို အလိုရှိသော လုလင် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ဒိသာပါမောက္ခဆရာ၏ ပရိသတ် တို့သည် ဖြစ်ဘူးကုန်ပြီ၊ ယခုအခါငါဘုရားသည်လျှင် ထိုအခါ ဒိသာပါမောက္ခ ဆရာဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ပညတ်နာမည်၊ ကျိုးမလည်၊ ကံသည် ကျိုးစည်ကြောင်း]

**ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော နာမသိဒ္ဓိဇာတ်သည် ပြီး၏။**

---

## ၉၈—ကူဋဝါဏိဇဇာတ်

### စဉ်းလဲသော ကုန်သည်၏ အကြောင်း

၁ **ပစ္စုပ္ပန်ဝတ္ထု**....နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သာဓု ခေါ ပဏ္ဍိတော နာမ" အစရှိသော ဂါထာ ပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤကူဋဝါဏိဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် "တယောက်သော စဉ်းလဲသော ကုန်သည်" ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုစကားကို ချဲ့ဦးအံ့၊ သာဝတ္ထိပြည်၌ နှစ်ယောက်ကုန်သော ကုန်သည်တို့သည် တပေါင်းတည်း ကုန်သွယ်ခြင်းကို ပြုကုန်လျက် ဘဏ္ဍာကို လှည်းဖြင့်ယူ၍ ဇနပုဒ်သို့ သွားကုန်လတ်သော် လာဘ် ရခဲ့၍ ပြန်လည်ကုန်၏၊ ထိုနှစ်ယောက်ကုန်သော ကုန်သည်တို့တွင် စဉ်းလဲသော ကုန်သည်သည် ဤသူကား များစွာသော နေ့တို့ပတ်လုံး မကောင်းသော ဘောဇဉ်ကို စားရသဖြင့်၎င်း, မကောင်းသော အိပ်ရာ၌ အိပ်ရသဖြင့်၎င်း ပင်ပန်း၏၊ ယခု မိမိအိမ်၌ အထူးထူးကုန်သော မြတ်သောအရသာတို့ဖြင့် အလို ရှိတိုင်း ကောင်းသော ဘောဇဉ်ကိုစား၍ အစာမကြေခြင်းကြောင့် သေလတ္တံ့၊ ထိုအခါ ငါသည် ဤဘဏ္ဍာကို သုံးစုပြု၍ တစုကို ထိုသူ၏ သားမယားတို့အား ပေးအံ့၊ နှစ်စုတို့ကို ငါယူအံ့ဟု ကြံ၏။

အဖြစ်ကြောင့် ငါသည် နှစ်စုကို ရထိုက်သည်ဟု ဆို၏၊ ဤသို့ နှစ်ဦးသော သူတို့သည် စကားကို ပွားစေ၍ ငြင်းခုံခြင်းကို ပြုကုန်၏။

ထိုနေ့ခင်မှ အတိပဏ္ဍိတသည် တခုသော ဥပါယ်သည် ရှိ၏ဟု ကြံ၍ မိမိ အဘကို တခုသော သစ်ခေါင်းသို့ဝင်စေ၍ သင်သည် ငါတို့လာ၍မေးကုန်သည် ရှိသော် အတိပဏ္ဍိတသည် နှစ်စုရထိုက်၏ဟု ဆိုလောဟု သင်၍ ဘုရားလောင်း အထံသို့သွား၍ အဆွေ ငါ၏နှစ်စုရထိုက်သည်၏ အဖြစ်ကိုငှင်း၊ မရထိုက်သည်၏ အဖြစ်ကိုငှင်း ဤမည်သော ရုက္ခဇိုဝ်းနတ်သည် သိ၏၊ လာလော ထိုရုက္ခဇိုဝ်း နတ်ကို မေးကြကုန်အံ့ဟု ဘုရားလောင်းကို ထိုသစ်ပင်သို့ ဆောင်၍ အရှင် ရုက္ခဇိုဝ်းနတ်မင်း အကျွန်ုပ်တို့၏ အငြင်းအခုံကို အရှင် နတ်မင်း ဆုံးဖြတ်ပါဟု ဆို၏၊ ထိုအခါ အတိပဏ္ဍိတ၏ အဘသည် အသံကိုပြင်၍ ထိုသို့ တပြီးကား ဆိုကြကုန်လောဟု ဆို၏၊ အရှင်ရုက္ခဇိုဝ်းနတ်မင်း ဤသူကား ပဏ္ဍိတသာတည်း၊ အကျွန်ုပ်ကား အတိပဏ္ဍိတတည်း၊ အကျွန်ုပ်တို့သည် တပေါင်းတည်း ကုန်သွယ် အပ်ကုန်၏၊ အဘယ်သူသည် များစွာရအပ်သနည်းဟုဆို၏၊ ပဏ္ဍိတသည် တစုကို ရအပ်၏၊ အတိပဏ္ဍိတသည်ကား နှစ်စုကို ရအပ်၏ဟု ဆို၏၊ ဘုရားလောင်းသည် ဤသို့ တရားစီရင် ဆုံးဖြတ်သံကို ကြား၍ ယခုပင် နတ်၏အဖြစ်ကိုငှင်း၊ နတ် မဟုတ်သည်၏ အဖြစ်ကိုငှင်း သိအံ့ဟု ကောက်ရိုးကိုယူ၍ သစ်ခေါင်းကို ပြည့်စေ ပြီးသော် မီးတိုက်၏၊ အတိပဏ္ဍိတ၏ အဘသည် မီးလျှံထိသော ကာလ၌ ကိုယ်ဆက်ဂက်ကို မီးလောင်သည်ဖြစ်၍ အထက်သို့ တက်သဖြင့် သစ်ခက်ကို ကိုင်လျက် တွဲလျားဆွဲပြီးလျှင် မြေသို့ဆင်း၍—

ဇ၈၊ သာဓု ခေါ ပဏ္ဍိတော နာမ၊ န တွေဝ အတိပဏ္ဍိတော။
အတိပဏ္ဍိတေန ပုတ္တေန၊ မနမှိ ဥပကူဠိတော။

ဟူသော ဤဂါထာကို ဆို၏။

ဤမည့်သော လောကေ၊ ဤလောက၌။ ပဏ္ဍိတော နာမ၊ ပညာရှိသူမည်သည်ကား။ သာဓု ခေါ၊ ကောင်းသည်သာလျှင် ကတည်း။ အတိပဏ္ဍိတော၊ အမည်မျှဖြင့် အတိ ပဏ္ဍိတဟု ဆိုအပ်သော ယောက်ျားစဉ်းလဲသည်။ န တွေဝ သာဓု၊ မကောင်း သည်လျှင်ကတည်း။ အတိပဏ္ဍိတေန၊ အတိပဏ္ဍိတ အမည် ရှိသော။ ပုတ္တေန၊

၁၀၀၊ အသာတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ။
ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တ မတိဝတ္တတိ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အသာတံ၊ မသာယာအပ်သော သဘောသည်။ သာတရူပေန၊ သာယာအပ်သော သဘော၏ အတုအားဖြင့်။ ပမတ္တံ၊ မေ့လျော့သောသူကို။ အတိဝတ္တတိ၊ နှိပ်စက်၏။ အပ္ပိယံ၊ မချစ်အပ်သော သဘောသည်။ ပိယရူပေန၊ ချစ်အပ်သော သဘော၏ အတုအားဖြင့်။ ပမတ္တံ၊ မေ့လျော့သော သူကို။ အတိဝတ္တတိ၊ နှိပ်စက်၏။ ဒုက္ခံ၊ ဆင်းရဲသည်။ သုခဿ၊ ချမ်းသာ၏။ ရူပေန၊ အတုအားဖြင့်။ ပမတ္တံ၊ မေ့လျော့သောသူကို။ အတိဝတ္တတိ၊နှိပ်စက်၏။

**ဇာတ်ပေါင်း**....မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သီဝလိသည် ထိုအခါ ဗာရာဏသီမြို့ကို ပိတ်၍ မင်းအဖြစ်ကိုရသော မင်းသား ဖြစ်ဘူးပြီ၊ ယခုအခါ သုပ္ပဝါသာသည် ထိုအခါ မင်းသားမယ်တော် ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းသား ခမည်းတော် ဖြစ်ဘူးပြီ၊ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

[ဘယ်သူမပြု၊ မိမိမှု၊ ကိုယ်ပြု ကိုယ်ခံ ကိုယ်ပင်စံ]

**ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အသာတရူပဇာတ်သည် ပြီး၏။**

---

## ၁၁—ပရောသတဝဂ် ၁၀၁—ပရောသတဇာတ်

### အရှင်သာရိပုတ္တရာ၏ ဂုဏ်အကြောင်း

၁၀၁၊ ပရောသဟဿမ္ပိ သမာဂတာနံ၊
ဈာယေယျုံ တေ ဝဿသတံ အပညာ။

ဧကောဝ သေယျော ပုရိသော သပညော၊
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။

ဟူသော ဤဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤပရောသတဇာတ်သည် ဝတ္ထုအားဖြင့်ရင်း၊ အဖြေအားဖြင့်ရင်း၊ ဇာတ်ပေါင်းအားဖြင့်ရင်း ပရော

